# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား

## ယခုအချိန်တွင် စာသင်ကျောင်းများကို အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အောင်မြင်သည့် လုပ်ဆောင်မှုတစ်ခုပင်ဖြစ်

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၂)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**ယနေ့** *ဖတ်စရာ*


ကပ်ဘေးများကြားမှ ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှု — ဆောင်းပါး — စာ - ၉

ရုပ်ရှင်မင်းသား ဝီစမစ်၏ အော်စကာညအပြုအမူအတွက် အကယ်ဒမီဆုချီးမြှင့်ရေးအဖွဲ့က စုံစမ်းစစ်ဆေးသွားမည် — နိုင်ငံတကာသတင်း — စာ - ၁၂

အာဖဂန်နစ္စတန်၊ တာလီဘန်နှင့် အမျိုးသမီးအခွင့်အရေးဆုံးရှုံးမှုများ — နိုင်ငံတကာရေးရာ — စာ - ၁၄

မြန်မာ့အလင်း

# မဖြစ်မနေမြှင့်တင်သွားရမည့် မြန်မာ့ပညာရေး

မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရာကောင်းလှအောင် အားနည်းနေပြီး မပြင်မဖြစ်ပြင်ရန် လိုအပ်နေသည်။ မိမိတို့နိုင်ငံ၏ ပညာရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကြာခဏပင် အလေးအနက် တိုက်တွန်းပြောကြားလျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။ ပညာရေးမြှင့်တင်မှု မဖြစ်မနေပြုလုပ်ရန်၊ အခြေခံအားဖြင့် နိုင်ငံသားအားလုံး အလယ်တန်းအဆင့် ပြီးဆုံးအောင်မြင်ရန်တို့သည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများအရ အမှန်တကယ်ဆောင်ရွက်ကြရမည့် လုပ်ငန်းများပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိ ကလေး ၉၇ ဒသမ ၅ ရာခိုင်နှုန်း၊ အသက် ၁၂ နှစ်မှ ၁၄နှစ်အတွင်းရှိ ကလေး ၈၂ ဒသမ ၄ ရာခိုင်နှုန်း ကျောင်းတက်ရောက်နေကြပြီး အသက် ၁၅ နှစ်မှ ၁၇ နှစ်အထိ အရွယ်အုပ်စုတွင်မူ ၎င်းတို့၏ ၅၀ ရာခိုင်နှုန်းခန့်က ကျောင်းထွက်လိုက်ကြကြောင်း၊ ကျောင်းထွက်သူဦးရေတွင် ယောက်ျားလေးက မိန်းကလေးထက် ပို၍များကြောင်း မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း-၂၀၁၅ ခုနှစ် အနှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပညာသင်ကြားမှုနှုန်း ကျဆင်းရခြင်း၏ အကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးမှု၊ နေထိုင်မှုအဆင့်အတန်း၊ အိမ်ထောင်စုဝင်များ ပါဝင်ဆောင်ရွက်မှု ပိုမိုလိုအပ်သော စိုက်ပျိုးရေးနှင့် ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများ၏ သဘောသဘာဝ၊ အလုပ်နှင့် ပညာရေးအကြား ဝေခွဲမရဖြစ်ခြင်းနှင့် ကျောင်းနေရန် လက်လှမ်းမမီခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာအရ ကျောင်းနေမှုကျဆင်းရသည့် အခြေခံအကြောင်းတရားသည် ဆင်းရဲနွမ်းပါးမှုပင်ဖြစ်ပြီး အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်တွင် မိသားစုအတွက် တစ်ဖက် တစ်လမ်းမှ ဝင်ငွေရှာရန် စာသင်ခန်းကို ကျောခိုင်းသွားကြခြင်းပင် ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို သင်ကြားခွင့်ရှိစေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ခဲ့ရာတွင် အခမဲ့မသင်မနေရ မူလတန်းကို ၂၀၁၁-၂၀၁၂ ပညာသင် နှစ်တွင် လည်းကောင်း၊ အလယ်တန်းကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် လည်းကောင်း၊ အထက်တန်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လည်းကောင်း စတင်၍ ပြဋ္ဌာန်းပေးခဲ့ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခများ အခမဲ့အပြင် ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ထောက်ပံ့ကြေး (ကျပ် ၁၀၀၀) စသည် တို့ကိုပါ အခမဲ့ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် ကျောင်းကို အကြောင်းအမျိုးမျိုးကြောင့် လာမတက်နိုင်သည့် ကလေးများကို ကျောင်းပြင်ပ ပညာရေးစနစ်ဖြင့် သင်ကြားမှုများ ပြုလုပ်ပေးခဲ့သည်ကိုလည်း တွေ့ရသည်။

ပညာရေးနိမ့်ကျမှုသည် ဆင်းရဲနွမ်းပါးမှုနှင့် တစ်ဆက်တစ်စပ်တည်းပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျေးလက်နေလူဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် ရှိနေပြီး ကျေးလက်တွင် နေထိုင်သူသည် မြို့ပြတွင် နေထိုင်သူထက် ၂ ဒသမ ၇ ဆပို၍ ဆင်းရဲနွမ်းပါးနိုင်ခြေရှိကြောင်း၊ ဆင်းရဲနွမ်းပါးခြင်းသည် ကျေးလက်ဒေသတွင်နေထိုင်ခြင်း၊ ပညာအရည်အချင်းနိမ့်ကျခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်ခြင်းတို့နှင့် ဆက်စပ်လျက်ရှိကြောင်း အစီရင်ခံစာတစ်ရပ်က ပြဆိုသည်။ ကိုဗစ်-၁၉နှင့် နိုင်ငံရေးအကြောင်းပြသည့် မငြိမ်မသက်မှုများက ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ အပါအဝင် စီးပွားရေးလုပ်ငန်းများစွာတို့ကို ထိခိုက်စေခဲ့ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပညာရေးမြှင့်တင်ရေးတို့ကို ယခင်ထက်အဆပေါင်းများစွာ ကြိုးစားကြရမည်ဖြစ်ပြီး အစိုးရအဆက်ဆက်ဆောင်ရွက်သွားကြရမှာလည်း ဖြစ်သည်။

အခြေခံပညာမူလတန်းသို့ စတင်ကျောင်းဝင်လာသည့် ကျောင်းသူ ကျောင်းသားတိုင်း အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအောင်မြင်သည်အထိ မဖြစ်မနေ ကျောင်းတက်နိုင်ရေးအတွက် လက်ရှိအခမဲ့ပညာရေးစနစ်အပြင် ကျေးလက်ဒေသ ကျောင်းများ၊ ဝေးလံဒေသကျောင်းများ၌ ကျောင်းသူ ကျောင်းသားများအား နေ့စဉ်ထမင်းတစ်နပ်စာ ကျွေးမွေးခြင်း သို့မဟုတ် ရိက္ခာရာရှင်ထောက်ပံ့ခြင်းအစီအစဉ်များ၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ကျောင်းပညာရေး မဆက်နိုင်သူ၊ မဆက်လိုသူများအတွက် ပြည်တွင်းပြည်ပလုပ်သားဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်ထားသည့် ကျွမ်းကျင်/သက်မွေးပညာရေးအစီအစဉ်များကို ပြည်ပနိုင်ငံများမှ အတွေ့အကြုံများကို လေ့လာရယူကာ ပညာရေးကို မြှင့်တင်ပေးနိုင်ရေး အကြံပြုအပ်ပါကြောင်း။ ။



## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့ အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းမြတ်သုံးပါး ရုပ်တုတို့အား အများပြည်သူ မည်သူမဆို ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၈ ရက်မှ ဧပြီလ ၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## Online e-Visa လျှောက်ထားမှုများအား ပြန်လည်ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် Online e-Visa လျှောက်ထားရယူမှုများအား ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့မှစတင်၍လွှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း မြင့်မားလာသည့်အတွက် မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်မှုဆောင်ရွက်သည့် ကန့်သတ်ချက်များနှင့်အညီ (၂၀-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (GMT +6:30)၊ (၂၃:၅၉) အချိန်မှစတင်၍ ယာယီရပ်ဆိုင်းထားခဲ့ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းလာသည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် **ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ** မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ရာ Online e-Visa စနစ်အား ပြန်လည်စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်၍ Business Visa(လုပ်ငန်းဗီဇာ)လျှောက်ထားမှုများအား ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ Online e-Visa (Business) လျှောက်ထားရန်လိုအပ်သည့် သတ်မှတ်ချက်များအား မိမိဝန်ကြီးဌာန၏ website လိပ်စာ https://evisa.moip.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာ၍ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

## ပဲခူးတိုင်းဒေသကြီးအတွင်း ညမထွက်ရအမိန့်အား အချိန်ပြောင်းလဲပြင်ဆင်ထုတ်ပြန်

နေပြည်တော် မတ် ၂၉

ပဲခူးတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိပြီး တရားဥပဒေစိုးမိုးမှုရှိလာပြီဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုလည်း လျော့ကျလာပြီဖြစ်၍ ပဲခူးမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ပြည်မြို့နယ်စသည့် မြို့နယ် သုံးမြို့နယ်တွင် ယခင်ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့်အား ည (၁၀) နာရီမှ နံနက် (၄) နာရီအထိ အစား ၂၄-၃-၂၀၂၂ ရက်နေ့မှ စ၍ ည (၁၂) နာရီမှ နံနက် (၄) နာရီအထိ အချိန်ပြောင်းလဲပြင်ဆင်ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၂၉

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မတ် ၂၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် မတ် ၂၉ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Levolife Intravenous Infusion အခု ၄၀၀၀၀၊ Paracetamol Tablet အခု ၁၅၀၀၀၊ Cefixitop Tablet အခု ၁၁၀၀၀ စုစုပေါင်း ၇၆၁၇ ဒသမ ၀၅ KG၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီ တစ်ခုမှ Compound Amino Acid Injection အခု ၈၇၀၀၊ Glucose Injection အခု ၄၈၀၀၀တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*✻ ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**ပိုးတွေ့ရာခိုင်နှုန်းကျဆင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် **ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍** မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းမှာ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်အထိ ဖြစ်ပွားခဲ့ကြောင်း၊ ပထမလှိုင်းအတွင်း အများဆုံးတွေ့ရှိမှုမှာ ၂၃ ဦးဖြစ်ကြောင်း၊ ပိုးအများဆုံးတွေ့ရှိမှု ရာခိုင်နှုန်းအနေဖြင့် ဧပြီ ၂ ရက်တွင် ၆၂ ဦးကို စစ်ဆေးစဉ် ၄ ဦး တွေ့ရှိခဲ့ပြီး ၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ဒုတိယလှိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၆ ရက်မှ စတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေ ၂၆ ရက်အထိ ဖြစ်ပွားခဲ့ကြောင်း၊ ပိုးတွေ့မှုအများဆုံးအနေဖြင့် အောက်တိုဘာ ၁၀ ရက်တွင် ၂၁၅၈ ဦး တွေ့ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် အောက်တိုဘာ ၁ ရက်တွင် ပိုးတွေ့သူ ၁၈ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ တတိယလှိုင်းဖြစ်ပွားမှုအနေဖြင့် ၂၀၂၁ ခုနှစ် မေ ၂၇ ရက်မှစတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ဖြစ်ကြောင်း၊ ပိုးတွေ့မှုအများဆုံးအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ၇၀၈၃ ဦး တွေ့ရှိခဲ့ပြီး ပိုးတွေ့မှုရာခိုင်နှုန်း အများဆုံးအနေဖြင့် ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ခဲ့ပြီး မိမိတို့နိုင်ငံအတွက် အကျပ်တည်းဆုံး ကာလတစ်ခုဖြစ်ခဲ့ကြောင်း၊ စတုတ္ထလှိုင်းဖြစ်ပွားမှုအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ စတင်ခဲ့ပြီး ယနေ့ကာလအထိ ဖြစ်ကြောင်း၊ ပိုးတွေ့မှုအများဆုံးအနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်တွင် ၃၅၆၃ ဦး တွေ့ရှိခဲ့ပြီး ပိုးတွေ့မှုရာခိုင်နှုန်း အများဆုံးအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်း တွေ့ရှိခဲ့ကြောင်း၊ ယခုမတ် ၁၀ ရက် နောက်ပိုင်းတွင် ကူးစက်မှုဦးရေ ၁၀၀ အောက်သို့ ကျဆင်းလာပြီး စတင်ကျဆင်းချိန်တွင် ပိုးတွေ့ရှိမှုရာခိုင်နှုန်း ၄ ဒသမ ၇၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ မတ် ၁၅ ရက်တွင် ပိုးတွေ့ရှိသူ ၆၈၃ ဦးသာရှိပြီး ပိုးတွေ့ရာခိုင်နှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း၊ မတ် ၂၀ ရက်နောက်ပိုင်းတွင် ပိုးတွေ့ရာခိုင်နှုန်း ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာခဲ့ပြီး မတ် ၂၆ ရက်အထိ ဖြစ်ကြောင်း၊ မတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ၁ ရာခိုင်နှုန်းကျော်ခန့်သာရှိသည်ကို တွေ့ရှိရကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ၂၀၂၁ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၅၀ ရာခိုင်နှုန်းထိုးနှံပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၅၁ ရာခိုင်နှုန်းကျော် ထိုးနှံပြီးစီးခဲ့ကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၇၀ ရာခိုင်နှုန်းကျော် ထိုးနှံပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကာကွယ်ဆေးထိုးနှံရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် တာဝန်ခံများအနေဖြင့် ကာကွယ်ဆေးများ အပြည့်အဝထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့အနေဖြင့် ဧပြီလကုန်အတွင်း တစ်နိုင်ငံလုံး ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးမှု ရာနှုန်းပြည့်ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးများလည်း အလုံအလောက်ရရှိပြီးဖြစ်ကြောင်း။

**၇၈ ရာခိုင်နှုန်းကျော် ကျောင်းတက်**

**ပညာရေးကိစ္စများနှင့် ပတ်သက်၍** ပြောကြားရာတွင် မိမိတို့ နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ချိန်၌ စာသင်ကျောင်းများကို ကိုဗစ် - ၁၉ ရောဂါကူးစက်မှုနှင့် နိုင်ငံရေးအခြေအနေများကြောင့် ဖွင့်လှစ်နိုင်မှုမရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင်လည်း စာသင်ကျောင်းများကို သုံးနှစ်ခန့် ပိတ်ထားခဲ့ရမှုကြောင့် ကျောင်းသား ကျောင်းသူများ အသက်အရွယ်ကြီးရင့်ခြင်းများ ဖြစ်ပေါ်ခဲ့သကဲ့သို့ မိဘများအနေဖြင့် ငွေကုန်ကြေးကျ ပိုမိုများပြားမှု ဖြစ်ပေါ်ခဲ့ပြီး ပညာရေးတစ်ပိုင်းတစ်စဖြင့် ရပ်တန့်ခဲ့သူများရှိကာ ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် များစွာထိခိုက်နစ်နာခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ပြန်လည်ပိတ်ထားခဲ့ရပြီး နိုဝင်ဘာ ၁ ရက်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၅ သန်း ၃ သိန်းကျော် ကျောင်းအပ်နှံခဲ့ပြီး ၄ သန်း ၁ သိန်း ခြောက်သောင်းကျော် တက်ရောက်ပညာသင်ကြားခဲ့သဖြင့် ၇၈ ရာခိုင်နှုန်းကျော် ကျောင်းတက်ရောက်ခဲ့ကြောင်း။

နိုင်ငံတိုးတက်ရေးအတွက် ပညာရေးသည် အရေးကြီးသဖြင့် ပညာရေးကို ပထမဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားမှုကာလအတွင်း မိမိတို့၏ အိမ်နီးချင်းနိုင်ငံများ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖြည့်စွက်ဆွေးနွေးစဉ်။



ကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေ ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုး ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ရှင်းလင်းတင်ပြစဉ်။

❖ မိမိတို့အနေဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ကိုဗစ်- ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ပြန်လည်ပိတ်ထားခဲ့ရပြီး နိုဝင်ဘာ ၁ ရက်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၅ သန်း ၃ သိန်းကျော် ကျောင်းအပ်နှံခဲ့ပြီး ၄ သန်း ၁ သိန်းခြောက်သောင်းကျော် တက်ရောက်ပညာသင်ကြားခဲ့သဖြင့် ၇၈ ရာခိုင်နှုန်းကျော် ကျောင်းတက်ရောက်ခဲ့

- **လာမည့်ပညာသင်နှစ်များတွင် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့တွင် သင်ကြားသူများကို နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်မည်ဆိုပါက အခမဲ့ပညာရေးစနစ်ဖြင့်သင်ကြားပေးမည်ဖြစ်ပြီး နိုင်ငံတော်တာဝန်အား ထမ်းဆောင်လိုမှုမရှိသူများအနေဖြင့် ထိုက်သင့်သည့် အခကြေးငွေများ ပေးသွင်းရသည့်စနစ်ဖြင့် ဆောင်ရွက်သွားမည်**
- **လာမည့်ပညာသင်နှစ်များတွင် ဆေးပညာဆိုင်ရာတက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားမည့်သူများကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ထူးချွန်သူများကိုသာ ဦးစားပေး ရွေးချယ်သင်ကြားပေးသွားမည်**

*စာမျက်နှာ ၃ မှ*
အပါအဝင် နိုင်ငံတကာတွင်လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းများရှိသကဲ့သို့ ခရီးသွားလာခွင့်များ ပြန်လည်ခွင့်ပြုပေးခြင်းများ ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စာသင်ကျောင်းများကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မတ်လကုန်အတွင်း စာမေးပွဲဖြေဆိုရန်အတွက် စီမံဆောင်ရွက်ခဲ့ကြောင်း။

**မဖြစ်မနေပညာရေးမြှင့်တင်**

ယင်းနောက် ပညာရေးမူဝါဒနှင့် ပတ်သက်၍ ပြောကြားရာတွင် "ကျွန်တော်တို့ တိုင်းပြည်မှာ ပညာရေး တော်တော်အားနည်းနေတာရှိတယ်။ ပြီးခဲ့တဲ့ ပညာသင်နှစ်မှာ ကျောင်းသားအားလုံး ၉ သန်းကျော်မှာ ၅ သန်းကျော်ပဲလာပြီး စာရင်းပေးတယ်။ ၆၀ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ၄ သန်းလောက်က ကျောင်းလာမတက်ဘူး၊ ၅ သန်းကျော်လောက်မှာလည်း ၂၀ ရာခိုင်နှုန်းနီးပါးလောက်က ကျောင်းမတက်ဘူး။ ၈၀ ရာခိုင်နှုန်းလောက်ပဲ ကျောင်းလာတက်တယ်။ အဲဒီတော့ ပညာရေးက ကျွန်တော်တို့အတွက် တော်တော်အန္တရာယ်ကြီးမားတာကို သွားတွေ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ၂၅ နှစ်အထက်လူဦးရေရဲ့ ၂၅ ဒသမ ၁၆၉ သန်းမှာ အလယ်တန်းထိပဲရှိတဲ့လူက ၁၈ ဒသမ ၂၆၃ သန်းရှိပါတယ်။ ၆၀ ရာခိုင်နှုန်းလောက်ဖြစ်နေတယ်။ အလယ်တန်းအဆင့်ပဲရှိတာ။ တက္ကသိုလ်ဘွဲ့ရက ၂ သန်းကျော်ပဲရှိတယ်။ အခြားက ဘွဲ့၊ ဒီပလိုမာရတဲ့သူက ၅ သိန်းကျော်ရှိတယ်။ THS နဲ့ TVED အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်ပြီး ပြီးတဲ့လူက ၉ သောင်း၊ ၁ သိန်းနီးပါးလောက်ရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေပါ။ အဲဒီလူတွေ တော်တော်များများကလည်း ပြည်နယ်တွေမှာ နေသူတွေဖြစ်တာ ပိုများတာကို တွေ့ရပါတယ်။ မြို့ပေါ်လူတွေ ပညာတတ်ရာခိုင်နှုန်းက ၇၈/၈၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ကျေးလက်က ၂၀ ရာခိုင်နှုန်းလောက်ပဲ ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံ ပညာရေးနဲ့ပတ်သက်ရင် မပြင်လို့ မရဘူး၊ အားမပေးလို့ မရဘူး။ ဒါကကျွန်တော်တို့ သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်မှရမယ်။ အနာဂတ်နိုင်ငံတော်မှာ ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဟာ ပညာတတ်တွေ ပေါကြွယ်ဝမှသာ ဒီမိုကရေစီဆိုတာလည်း အဓိပ္ပာယ်ရှိမှာ။ တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း ပညာတတ်တွေရှိမှပဲ စိတ်ချရလိမ့်မယ်။ ဒါကြောင့်ပညာရေးဟာတိုင်းပြည်တိုးတက်ရေးအတွက်ရော၊ ဒီမိုကရေစီအရေးအတွက်ရော၊ တိုင်းပြည်အတွက် အဓိကကျတာကို တွေ့ရပါတယ်။ ပညာရေးမူဝါဒဟာ မဖြစ်မနေချမှတ်ပြီး ဆောင်ရွက်ဖို့ လိုတယ်ဆိုတာကို သွားတွေ့ပါတယ်။ ဒ့ါကြောင့် ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာလည်း အကြမ်းဖျင်းအားဖြင့် ကျွန်တော်ပြောခဲ့ပါတယ်။ KG+9 ပညာရေးစနစ်က(၅-၄-၃) မူလတန်းက ၅ နှစ်၊ အလယ်တန်းက ၄ နှစ်၊ အထက်တန်းက ၃ နှစ် ၁၂ နှစ်နဲ့ သွားတာ။ ကျွန်တော်တို့က Vocational Training ကို သွားမယ်ဆိုရင် အနည်းဆုံးအလယ်တန်းအောင်ပြီးမှ သွားလို့ရမယ်ဆိုပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဆွေးနွေးတဲ့အခါမှာ တွေ့ပါတယ်။ THS ပဲသွားမလား၊ ဒါမှမဟုတ်လို့ရှိရင် Vocational ပဲ သွားမလား၊ စိုက်ပျိုးရေးပဲသွားမလား သွားမယ်ဆိုရင် အနည်းဆုံးတော့ အလယ်တန်းအဆင့်ပြီးမှ နည်းပညာအဆင့်ကို သွားလို့ရတယ်ဆိုတာဖြစ်တယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အခြေခံအားဖြင့် နိုင်ငံသားအားလုံးသည် အလယ်တန်းအဆင့် ပြီးပြီးသားဖြစ်ဖို့တော့ လိုတယ်လို့ ယူဆရပါတယ်။ ကျွန်တော့်အနေနဲ့ဆုံးဖြတ်ပြီး KG+9 ကို ပညာရေးအတွက် ကျွန်တော်တို့အစိုးရ တာဝန်ယူတဲ့အချိန်မှာ ဆောင်ရွက်ခဲ့တာရှိတယ်။ ပြည်နယ်တွေနဲ့ တိုင်းတွေမှာ အထူးသဖြင့် ပြည်နယ်ကတော့ ဦးစားပေးတစ်ဖြစ်ပါတယ်။ တိုင်းတွေကတော့ အစွန်အဖျားကျတဲ့ ကျေးလက်ဒေသတွေ ဖြစ်ပါတယ်။ ဒါတွေကိုလည်း


ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရှင်းလင်းတင်ပြစဉ်။


ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ရှင်းလင်းတင်ပြစဉ်။

ကျွန်တော်တို့က မဖြစ်မနေပညာရေးမြှင့်တင်မှုတွေကို လုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကို ဒီနှစ်မှာလည်း ငွေကုန်ကြေးကျခံပြီး လုပ်ပေးဖို့ ဆောင်ရွက်နေတာရှိပါတယ်။ တစ်ဖက်ကလည်း ငွေကုန်ကြေးကျခံပြီး လုပ်ပေးနေသလို တစ်ဖက်က ပညာရေးကို တာဝန်ထမ်းဆောင်နေသူတွေက လုပ်ချင်ကိုင်ချင်စိတ်ရှိအောင် လုပ်ဖို့လိုတယ်။ ဆရာ/ဆရာမတွေ သင်နိုင်ဖို့၊ ကြားနိုင်ဖို့ လုပ်ဖို့လိုတယ်။ နံပါတ်(၁)အချက်က သူတို့အတွက် အာမခံချက်ရှိဖို့၊ ဒီလိုသွားရမှာဖြစ်တယ်။ ဒါကြောင့် ပညာရေးမှာလည်း ကျွန်တော်အဆင့်ဆင့်ပြုပြင်ပြောင်းလဲမှုတွေ အခွင့်အရေးတစ်ခု ကျွန်တော်ဆောင်ရွက်ပေးနေပါတယ်။ သူတို့ကို ကျွန်တော်တို့လိုအပ်တဲ့ Facilities ပေးဖို့လိုမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါလည်း ကောင်စီဝင်များ တိုင်ပင်ဆွေးနွေးပေးစေလိုပါတယ်။ ဘယ်လိုပေးသင့်တယ်၊ ဘယ်လိုပေးရင် သင့်တော်မလဲဆိုတာကို မူဝါဒချမှတ်ဖို့ ဒါကတော့ ပညာရေးအပိုင်း တာဝန်ယူတဲ့ပုဂ္ဂိုလ်တွေ ကျောင်းသားများနဲ့ ပတ်သက်ရင် ကျွန်တော် က KG+9 ကို အဓိကထားပြီး ဆောင်ရွက်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကောင်စီဝင်များလည်း ဘယ်လိုသဘောထားရှိလဲ သိချင်ပါတယ်" ဟု ပြောကြားသည်။

**အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးမည်**

ထို့နောက် အဆင့်မြင့်ပညာသင်ကြားမှုနှင့် ပတ်သက်၍ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားရာတွင် Day သင်တန်းနှင့် အဝေးသင်သင်တန်းဟူ၍ နှစ်မျိုးရှိကြောင်း၊ တက္ကသိုလ်ပညာရပ်သည် အတန်းပညာတစ်ခုတည်းကိုသာမက လူမှုဆက်ဆံရေးအတွက်ပါ အတွေ့အကြုံရရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့ဘဝရပ်တည်မှုတွင် အသုံးချနိုင်ရန်အတွက် သင်ကြားလေ့ကျင့်ပေးခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီအတွက် အထောက်အကူပြုစေရန် စီးပွားရေးပညာရပ်များနှင့် ဥပဒေပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းသည် စီးပွားရေးအမြင်ရှိရန်နှင့် ဥပဒေအမြင်ရှိရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆေးတက္ကသိုလ်များနှင့် နည်းပညာတက္ကသိုလ်များတွင် သင်ကြားပေးခဲ့မှုနှင့် ပတ်သက်၍လည်း ဆေးတက္ကသိုလ်အသီးသီးသို့ တက်ရောက်ခဲ့သူများသည် မိမိတို့နိုင်ငံရှိ ဆေးရုံများအတွက် လိုအပ်သည့်ပမာဏထက် များပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အဆိုပါကျန်းမာရေးဝန်ထမ်းအများစုသည် ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်မှု မရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လာမည့်ပညာသင်နှစ်များတွင် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့တွင် သင်ကြားသူများကို နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်မည်ဆိုပါက အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးမည်ဖြစ်ပြီး နိုင်ငံတော်တာဝန်အား ထမ်းဆောင်လိုမှုမရှိသူများအနေဖြင့် ထိုက်သင့်သည့် အခကြေးငွေများ ပေးသွင်းရသည့်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်များတွင် ဆေးပညာဆိုင်ရာတက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားမည့်သူများကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ထူးချွန်သူများကိုသာ ဦးစားပေးရွေးချယ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးမူဝါဒနှင့် ပတ်သက်၍ ကောင်စီဝင်များအနေဖြင့် ထည့်သွင်းစဉ်းစားအကြံပြုကြစေလိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်**

**ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင်** ပြည်ပခရီးသွားလာမှုနှင့် ပြည်ပကုန်သွယ်မှုများနှင့် ပတ်သက်၍ ယခုကာလတွင် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းမြင့်မားချိန်၌ ပြည်ပခရီးသွားလာမှုနှင့် ပြည်ပကုန်သွယ်မှုများကို ခွင့်ပြုခြင်းမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်ရောဂါတွေ့ရှိမှု မြင့်တက်ခဲ့ချိန်များ၌ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် နယ်စပ်ဒေသများတွင် ပြည်ပမှ ဝင်ရောက်လာသူများမှ တွေ့ရှိမှုအများဆုံးဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်း၌ ကူးစက်မှုနှုန်းလျော့နည်းစေရန်အတွက် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရခြင်းမှာလည်း ပြည်တွင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးကို ထိခိုက်မှုမရှိစေရန်အတွက် ပြည်ပမှ ဝင်ရောက်ခြင်းများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**ခရီးသွားလာမှုများကို ပြန်လည်ခွင့်ပြု**

ယခုကာလတွင် အခြေခံပညာကျောင်းများရှိ အချို့ အတန်းများသည် စာမေးပွဲဖြေဆိုပြီးဖြစ်ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲသည်လည်း ဧပြီလ ပထမအပတ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဧပြီလအတွင်း ခရီးသွားလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ခွင့်ပြုပေးနိုင်ရန်အတွက် တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်မှစတင်၍ ပြည်တွင်းပြည်ပ ခရီးသွားလာမှုများကို ပြန်လည်ခွင့်ပြုပေးသွားရန် စီစဉ်ထားကြောင်း၊ ထိုသို့ ခရီးသွားလာမှုများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကို ပြီးခဲ့သည့်နှစ် မေ ၅ ရက်မှစတင်၍ နောက်ဆုံးနှစ် မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း၊ အလားတူ အဆင့်မြင့်တန်းများနှင့် အဝေးသင်သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့ကြောင်း၊ **မေလလယ်မှစ၍** ကျန်ရှိသည့်အတန်းများ အားလုံးပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် စာသင်ကျောင်းများကို အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အောင်မြင်သည့် လုပ်ဆောင်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အခက်အခဲများကြားမှ ကြံ့ကြံ့ခံဆောင်ရွက်ခဲ့သည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

**ဥပဒေနှင့်အညီ နိုင်ငံတော်မှပေးအပ်**

စွမ်းရည်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်မှုနှင့် ပတ်သက်၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ကျရောက်မည့် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အတွက် နိုင်ငံရေးအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ၊ နည်းပညာအရ၊ အနုပညာအရ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စွမ်းရည်ဘွဲ့တံဆိပ်များ ပေးအပ်ခြင်းသည် အစိုးရအနေဖြင့် ပေးအပ်ခြင်းမဟုတ်ဘဲ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ နိုင်ငံတော်မှ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အများစုမှာ ဝမ်းသာအားရဖြစ်ကြသော်လည်း ဝေဖန်မှုတချို့လည်း ရှိကြောင်း၊ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ မတိုင်မီ အခမ်းအနားဖြင့် အားလုံးကို ပေးအပ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စွမ်းအင်မူဝါဒနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် Power ပိုင်းနှင့် Energy ပိုင်း နှစ်မျိုးရှိကြောင်း၊ လျှပ်စစ်ပိုင်းတွင် ရေအားလျှပ်စစ်ကို အဓိကအသုံးပြုပြီး ဓာတ်ငွေ့အသုံးပြုမှု၊ ကျောက်မီးသွေးအသုံးပြုမှုနှင့် ဆိုလာစွမ်းအင်အသုံးပြုမှုများရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝအရင်းအမြစ်များ၊ မြေပေါ်၊ မြေအောက် သယံဇာတများစွာရှိပြီး သဘာဝအရင်းအမြစ်တွင်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို အထောက်အကူပေးသည့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ လေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံးထုတ်လုပ်ခြင်းနှင့် ဒီရေအတက်အကျကို အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းများရှိကြောင်း၊ Energy ပိုင်းတွင် စက်ရုံအလုပ်ရုံများတွင် ဒီဇယ်အသုံးပြု၍ မောင်းနှင်ခြင်း၊ အချို့လိုအပ်သည့် နေရာများတွင် ဂတ်စ်နှင့် ကျောက်မီးသွေးများအသုံးပြုရခြင်းများရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် ရေအရင်းအမြစ်များစွာရှိသဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ ရာသီဥတုအရ နေရောင်ခြည်ရရှိသည့်ရက် များပြားသည့်ဒေသများပြားခြင်းကြောင့် နေရောင်ခြည်စွမ်းအင်ကို အသုံးချ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရကြောင်း။

**ရာသီမရွေး အသုံးပြု၍ရ**

အလားတူ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် လေတိုက်ခတ်သည့် ဒေသများဖြစ်သဖြင့် လေအားအသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း Win Power ကို အသုံးပြု၍ရကြောင်း၊ လေအားသည် နေ့ရောညပါ အသုံးပြု၍ရပြီး ရာသီမရွေး အသုံးပြု၍ရကြောင်း၊ မိမိတို့နိုင်ငံ၏ စွမ်းအင်မူဝါဒတွင် ထည့်သွင်းစဉ်းစားသင့်သည့် နည်းပညာတစ်ခုဖြစ်ကြောင်း၊ အလားတူ ဒီရေအတက်အကျကို အသုံးပြု၍လည်း လျှပ်စစ်ဓာတ်အားထုတ်ယူ၍ရသည့် နည်းပညာရှိသဖြင့် မိမိတို့အနေဖြင့် ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာများ ဖြစ်ပေါ်လျက်ရှိပြီး Clean Area များ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးချနိုင်မည်ဆိုပါက အဆိုပါပြဿနာများကို ကျော်လွှားမည်ဖြစ်သကဲ့သို့ ပြည်ပမှစက်သုံးဆီများ တင်သွင်းမှုကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံရှိ Public Transportations ဖြစ်သည့် မီးရထားလမ်းများသည် ဒီဇယ်စွမ်းအင်သုံး မီးရထားစက်ခေါင်းများကို အသုံးပြုလျက်ရှိပြီး အဆိုပါမီးရထားလမ်းများတွင် လျှပ်စစ်ရထားများဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက စက်သုံးဆီများစွာ ချွေတာနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ယာဉ်တစ်သန်းကျော်နှင့် မော်တော်ဆိုင်ကယ် ခြောက်သန်းကျော်ရှိကြောင်း၊ လောင်စာဆီများ ပြည်ပမှတင်သွင်းရာတွင် ပို့ဆောင်ရေးကဏ္ဍ၌ ၇၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၂၆ ရာခိုင်နှုန်း၊ လျှပ်စစ်ထုတ်လုပ်ရေးတွင် ၁ ရာခိုင်နှုန်း အသုံးပြုသည်ဟု သိရှိရကြောင်း၊ လျှပ်စစ်မော်တော်ကားများကို အစားထိုးအသုံးပြုနိုင်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားမရရှိသည့် နေရာများ၊ တောတောင်ထူထပ်သည့် နေရာများနှင့် ဝန်အားဖြင့်အသုံးပြုရသည့် နေရာများတွင် အခက်အခဲများရှိနိုင်ကြောင်း၊ Public Transportations ကိစ္စရပ်များတွင် လျှပ်စစ်ကို အသုံးပြုနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

မဟာသင်္ကြန်ကိစ္စနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအခြေအနေများကြောင့် ယခင်နှစ်က အကန့်အသတ်ဖြင့်သာ ခွင့်ပြုခဲ့ရကြောင်း၊ လက်ရှိအခြေအနေအရ မဟာသင်္ကြန် ကျင်းပနိုင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ ခွင့်ပြုပေးသွားရန် စီမံထားကြောင်း၊ သင်္ကြန်ကာလအတွင်း လုံခြုံရေးစနစ်တကျဆောင်ရွက်၍ ပြည်သူများ လွတ်လွတ်လပ်လပ်ပျော်ရွှင်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ မဟာသင်္ကြန်ကျင်းပမှုနှင့် ပတ်သက်၍ ကောင်စီဝင်များအနေဖြင့်လည်း အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ မဟာသင်္ကြန်ကာလ၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများသည် မြန်မာတို့၏ အလေးအမြတ်ထားသည့် ကာလများဖြစ်ကြကြောင်း၊ အဆိုပါကာလများတွင် ပြည်သူများ လွတ်လပ်အေးချမ်းစွာဖြင့် ဖြတ်သန်းနိုင်ရန် လိုကြောင်း၊ ကိုဗစ် – ၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေးအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

- NGO ,INGO စသည့်အသင်းအဖွဲ့များနှင့် စပ်လျဉ်း၍ မိမိတို့အနေဖြင့် စနစ်တကျ သေချာစိစစ်ဆောင်ရွက်လျက်ရှိ၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပတ်သက်၍ စနစ်ပြောင်းချိန်တွင် ငြိမ်းချမ်းစွာပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်၊ သို့သော်လည်း အကြမ်းဖက် လုပ်ရပ်များနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံနေရသူများအား ပြစ်ဒဏ်လျှော့ပေါ့ပေးသွားမည်မဟုတ်၊ လက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေသည်ကို တွေ့ရှိရ၊ မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ ချိန်ဆဆောင်ရွက်လျက်ရှိ
- မိမိတို့၏ နိုင်ငံတော်တည်ဆောက်ရေးရည်မှန်းချက်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်သွားရန်ဖြစ်၊ အကြမ်းဖက်အဖွဲ့အစည်းများကို နှိမ်နင်းနိုင်မှသာ လွတ်လပ်၍တရားမျှတပြီး ခြိမ်းခြောက်အကျပ်ကိုင်မှုကင်းရှင်းသော ရွေးကောက်ပွဲကို ကျင်းပပေးနိုင်မည်ဖြစ်သည့်အတွက် အကြမ်းဖက်အဖွဲ့များ ပပျောက်အောင် ဆောင်ရွက်သွားရမည်

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးတို့က NGO, INGO, CSO အသင်းအဖွဲ့များနှင့် စပ်လျဉ်း၍ စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို လိုအပ်ပါက ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရေးဆွဲရေး၊ နိုင်ငံတော်အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုရာတွင် ပေးသင့်ပေးထိုက်သူများမကျန်ရှိစေရန် စိစစ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာအစီအမံကောင်းများ ကြိုတင်ပြင်ဆင်ရေးဆွဲရေး၊ နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်အောင် ဖျက်ဆီးနှောင့်ယှက်နေသူများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ နိုင်ငံတော် အကျိုးစီးပွားအတွက် ကုန်းတွင်းပိုင်းဒေသများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရန် နိုင်ငံတော်အနေဖြင့် စီစဉ်ပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးရေး၊ ဆေးရုံဆေးခန်းများတွင် အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော သတင်းအမှား၊ သတင်းအမှန်များကို ပြည်သူများနှင့် ကျောင်းသားလူငယ်များ ခွဲခြားသိရှိနိုင်ရေး ပညာပေးဟောပြောပွဲများ ဆောင်ရွက်ရေး၊ ချင်းပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် “၀” ဥ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရေး၊ အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးကူညီထောက်ပံ့နေသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ရေး၊ နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်(PR) လျှောက်ထားသူများအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုရေး၊ ပညာရေးမူဝါဒများချမှတ်ရာတွင် ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ကျောင်းသားကျောင်းသူ ကိုယ်စားလှယ်များဖြင့် အဖွဲ့ ဖွဲ့စည်းပြီး အားလုံးပါဝင်သည့် ညီလာခံတစ်ရပ်ကျင်းပရေး၊ ၂၀၂၂ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များ၊ လုံခြုံရေးဆိုင်ရာ အစီအမံများဖြင့် ကျင်းပသွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်(PR) လျှောက်ထားသူများအား စနစ်တကျ စိစစ်ခွင့်ပြုရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် NGO ,INGO စသည့်အသင်းအဖွဲ့များနှင့် စပ်လျဉ်း၍ မိမိတို့အနေဖြင့် စနစ်တကျ သေချာစိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပတ်သက်၍ စနစ်ပြောင်းချိန်တွင် ငြိမ်းချမ်းစွာပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်လုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံနေရသူများအား ပြစ်ဒဏ်လျှော့ပေါ့ပေးသွားမည်မဟုတ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ ချိန်ဆဆောင်ရွက်လျက်ရှိကြောင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ရေးနှင့် စိုက်ပျိုးရေးကောင်းမွန်စေရန်အတွက် ဇီဝဒါအပါအဝင် BIO Fertilizer ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေးအတွက် စက်ရုံများလည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့ကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်တွင်းစွမ်းအင်ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေအောက်အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် စနစ်တကျ လေ့လာသုံးသပ်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် မူအရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကိုသာ ဦးစားပေးသုံးစွဲသွားမည်ဖြစ်ပြီး ကျောက်မီးသွေးကို မဖြစ်မနေလိုအပ်သည့် အပူစွမ်းအင်ထုတ်လုပ်ရေးအတွက်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

**တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်**

မိမိတို့၏ နိုင်ငံတော်တည်ဆောက်ရေး ရည်မှန်းချက်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို နှိမ်နင်းနိုင်မှသာ လွတ်လပ်၍တရားမျှတပြီး ခြိမ်းခြောက်အကျပ်ကိုင်မှု ကင်းရှင်းသော ရွေးကောက်ပွဲကို ကျင်းပပေးနိုင်မည်ဖြစ်သည့်အတွက် အကြမ်းဖက်အဖွဲ့များပပျောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးတွင် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းဆေးညီလာခံကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အိမ်ရာများပြည့်စုံရေး စီမံဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံတိုင်းတွင် ဆရာဝန်နှင့် သူနာပြုအဆောင်များ ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ခရိုင်အဆင့်ဌာနဆိုင်ရာများ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားစေလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

၂၇-၃-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၅ တွင် ဖော်ပြခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် အမှတ် (၂၆/၂၀၂၂) **အစား** အမိန့်ကြော်ငြာစာအမှတ် အမှတ် (၅၄/၂၀၂၂) ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

# မော်လမြိုင်စက်မှုဇုန်အတွက် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်မည်

**မော်လမြိုင် မတ် ၂၉**

မွန်ပြည်နယ်အတွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသထွက် စက်မှု၊ လက်မှုပစ္စည်းများ၊ ပိုမိုတိုးတက်စွာ ဆောင်ရွက်နိုင်ရေး၊ စက်မှုဇုန်များနှင့် စက်ရုံစုများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မော်လမြိုင်စက်မှုဇုန် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက စက်မှုလုပ်ငန်းနှင့် ပတ်သက်၍ ရေရရှိစေရေး၊ အဓိကအရေးကြီးသည့်အပြင် စက်မှုဇုန်နှင့် ဆက်စပ်သည့် ရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူများပါ သောက်သုံးရေရရှိစေရေး အထူးလိုအပ်ကြောင်း၊ မြစ်ရေတင်စီမံကိန်းကို မိုးကာလမကျမီ ဆောင်ရွက်ကြစေလိုကြောင်း လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးကြရန် မှာကြားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မော်လမြိုင်စက်မှုဇုန်တွင် မြစ်ရေတင်စီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အကြံပြု တင်ပြဆွေးနွေးခဲ့ကြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မော်လမြိုင်မြို့တွင် နေ့စဉ်ရေပေးဝေနိုင်မှုအနေဖြင့် အတ္ထရံ (၁) မြစ်ရေတင်စီမံကိန်း၊ အတ္ထရံ (၂) မြစ်ရေတင်စီမံကိန်း၊ ကင်ပွန်းခြံဆည်ရေနှင့် ရွှေနတ်တောင်ဆည်ရေတို့မှ စုစုပေါင်း ရေဂါလန်သိန်း ၆၇၀ ရေပေးဝေလျက်ရှိသည်။ မြို့ပေါ်ရပ်ကွက် ၂၉ ရပ်ကွက်တွင် ရေပေးဝေရပ်ကွက် ၂၃ ရပ်ကွက်ရှိပြီး ယခု မော်လမြိုင်စက်မှုဇုန်အတွက် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်နိုင်ရေး အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း မော်လမြိုင်စက်မှုဇုန်အတွက် မြစ်ရေတင်စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၂၂)**

၁။ ယနေ့ကာလသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူအားလုံးတို့ ပူးပေါင်းဆောင်ရွက်နေရသည့် အချိန်ကာလ ဖြစ်ပါသည်။

၂။ ဤသို့သောအချိန်ကာလတွင် ဘက်စုံကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ၊ နိုင်ငံတော်ကို ဦးဆောင်မှုပြုသူများက နိုင်ငံကျော်အနုပညာရှင်များ ပါဝင်သည့်အဖွဲ့တစ်ဖွဲ့ကို ပြည်တွင်းရှိ အထင်ကရနေရာများသို့ သွားရောက်ဖျော်ဖြေပေးခြင်းဖြင့် ပြည်သူများ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ဖျော်ဖြေရေးဖြင့် ပြည်သူများ၏ စိတ်ဓာတ်ခွန်အားကို အားဖြည့်မြှင့်တင်ဆောင်ရွက်ပေးမည့်အဖွဲ့သည် ပြင်ဦးလွင်မြို့သို့ မြန်မာ့မီးရထားဖြင့် သွားရောက်စဉ် ၂၀၂၂ ခုနှစ် မတ်၂၉ ရက်နေ့ ၁၅:၄၅ အချိန်ခန့်တွင် အကြမ်းဖက်သမားများ၏ ရီမုမိုင်းတစ်လုံးဖြင့် အဝေးမှ နှောင့်ယှက်တိုက်ခိုက်ခြင်း ခံခဲ့ရပါသည်။

၄။ အဆိုပါဖြစ်စဉ်တွင် မီးရထားဝန်ထမ်းများနှင့် အနုပညာရှင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရပါသည်။

၅။ အဆိုပါအကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့ကို အထောက်အကူမပြုသော အဖျက်အမှောင့်လုပ်ငန်းများဖြစ်သည့်အတွက် အဆိုပါလုပ်ဆောင်မှုအပါအဝင် အကြမ်းဖက်လုပ်ဆောင်မှုမှန်သမျှအား လုံးဝ (လုံးဝ) လက်မခံကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

## မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)**

**သဘောထားထုတ်ပြန်ချက်**

**၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် (၁၃ ) ရက်**

**၂၀၂၂ ခုနှစ် မတ်လ(၂၉) ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်ခဲ့သည့် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ နိုင်ငံကျော်အနုပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့အား ပြည်တွင်းရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိကြောင်း၊ အဆိုပါ အနုပညာရှင်များ ပါဝင်သည့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်တံတားသို့ မြန်မာ့မီးရထား စက်ခေါင်းအမှတ် DF – 2078 ရထားအမှတ် DDUEZ 12370 လူစီးအထက်တန်းနှစ်တွဲ၊ ရိုးရိုးတန်းတစ်တွဲ၊ ဘရိတ်တွဲတစ်တွဲ ပါဝင်သည့် မီးရထားဖြင့် သွားရောက်လည်ပတ်၍ မှတ်တမ်းဓာတ်ပုံဗီဒီယိုများရိုက်ကူးပြီး မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်တွင် ပြန်လည်ထွက်ခွာခဲ့ရာ ဂန့်ဂေါနှင့် ဆင်လမ်းစုကျေးရွာအကြား ဘန့်ဘွေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၂၀၀ ခန့် အကွာသို့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်ချိန် ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ရီမုမိုင်း တစ်လုံးဖြင့် အဝေးမှ နှောင့်ယှက်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် အနုပညာရှင်များ၊ လုံခြုံရေးလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် မီးရထားဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်းနှင့် အထက်တန်း နှစ်တွဲမြောက်၏ ကြမ်းခင်း ပွင့်ထွက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

၎င်းအဖျက်လုပ်ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) က ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)**

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

**သဘောထားထုတ်ပြန်ချက်**

**၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် (၁၃ ) ရက်**

**၂၀၂၂ ခုနှစ် မတ်လ(၂၉) ရက်**

မတ်လ ၂၉ ရက် ညနေပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့အနီးတွင် မြန်မာနိုင်ငံအတွင်း ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရုပ်သံအစီအစဉ်ရိုက်ကူးပြီး ပြန်လည်ထွက်ခွာလာသည့် အနုပညာရှင်များ စီးနင်းလိုက်ပါလာသော မီးရထားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

အနုပညာရှင်များအား ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းကို မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးအနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း YBS ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြေးဆွဲပေးမည်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)၏ ကြီးကြပ်မှုအောက်ရှိ YBS ယာဉ်လိုင်းများကို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အများပြည်သူများ သွားရေးလာရေး အဆင်ပြေချောမွေ့လွယ်ကူစေရန်အတွက် YBS ယာဉ်လိုင်းများကို ပုံမှန်အတိုင်း ဆက်လက်ပြေးဆွဲပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း ခရီးသွားလုပ်သားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပုံမှန်ထွက်ရှိသည့်ယာဉ်လိုင်းနှင့် ယာဉ်စီးရေအတိုင်း ပြေးဆွဲရန်နှင့် အခက်အခဲရှိပါက ယာဉ်လိုင်းတစ်လိုင်းရှိ ယာဉ်အင်အား၏ သုံးပုံ တစ်ပုံထက်လျော့နည်းမှုမရှိစေဘဲ ပြေးဆွဲသွားရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာဖြင့် ပြေးဆွဲရန်နှင့် ယာဉ်စီးခကို သတ်မှတ်ယာဉ်စီးခနှုန်းထက်ပို၍ မကောက်ခံရန်ယာဉ်လိုင်းများအား ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၁၈)ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

**နေပြည်တော် မတ် ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ Hybrid စနစ်ဖြင့် ကျင်းပသည့် (၁၈) ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။ **(ယာပုံ)**



အဆိုပါအစည်းအဝေးတွင် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ သီရိလင်္ကာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂါမနီ လပ်က်ရှ်မင်းန် ပီးရဲစ် (H.E. Professor Gamini Lakshman Peiris) က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အခြား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**မိန့်ခွန်းများ ပြောကြား**

အစည်းအဝေး၌ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသော ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများက မိန့်ခွန်းများ ပြောကြားကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မိန့်ခွန်းပြောကြားရာတွင် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘုံရည်မှန်းချက်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုနှစ်၊ ဇွန် ၆ ရက်တွင် (၂၅)နှစ်ပြည့် ငွေရတုမှတ်တိုင် စိုက်ထူထားနိုင်ပြီဖြစ်သည်ကို ကျေနပ်ဖွယ်ရာ တွေ့မြင်ရကြောင်း၊ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါနှင့် လူဦးရေတိုးတက်လာမှုတို့သည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍတို့၌ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် အတည်ပြုမည့် "ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်မှု မြှင့်တင်ရေး စီမံချက်"သည် ဒေသတွင်းပေါင်းစည်းနိုင်မှုကို ပိုမိုမြှင့်တင်ပေးနိုင်ရုံသာမက ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးမြှင့်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသတွင်းအကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများကို နှိမ်နင်းဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့သည် ခိုင်မာသည့် ခွန်အားတစ်ရပ်ဖြစ်စေမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက်ဒေသသည် သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်လေ့ရှိကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်လာစေရေးအတွက် သင်တန်းများနှင့် PANEX-21 ကဲ့သို့ ပူးပေါင်းလေ့ကျင့်ခန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အိန္ဒိယနိုင်ငံကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ မတူကွဲပြားသော ဘာသာတရား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအပေါ် အပြန်အလှန် နားလည်မှုကို မြှင့်တင်ပေးရန်အတွက် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ပေးရန် လိုအပ်ကြောင်းလည်း ပြောကြားသည်။

**ထပ်လောင်းအတည်ပြု**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် အချုပ်အခြာအာဏာ တန်းတူညီတူရှိမှု၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန်လေးစားမှုနှင့် တူညီဆန္ဒ စသည့်အခြေခံမူများကို တိကျစွာလိုက်နာကျင့်သုံးလျက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ထားရှိမှုကို ထပ်လောင်းအတည်ပြုကြောင်း ထည့်သွင်းပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် အတည်ပြု/လက်မှတ်ရေးထိုးမည့် စာရွက်စာတမ်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေအပေါ် ဆွေးနွေးခဲ့ကြပြီး၊ (၁၈) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအစီရင်ခံစာကို အဖွဲ့ဝင်နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် အတည်ပြုနိုင်ခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂါမနီ လပ်က်ရှ်မင်းန် ပီးရဲစ် က ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်)ဝီနိုင်း (H.E. Mr. Don Pramudwinai) ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန၏ ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၉

**ဥပဒေရေးရာဝန်ကြီးဌာန၏ ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က ယခုသင်တန်းသည် ပြည်ထောင်စု ရှေ့နေချုပ်နည်းဥပဒေ ၁၇၁ နှင့်အညီ ရွေးချယ်ခန့်ထားပြီးသော ဥပဒေအရာရှိအသစ်များကို လုပ်ငန်းခွင်ဝင် သင်တန်းပေးရန်၊ ဥပဒေအရာရှိ ကျင့်ဝတ်များ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်သိက္ခာများနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ပြီး လေးစားလိုက်နာတတ်စေရန်၊ ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေရေးရာ ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များကို ကျေညက်စွာသိရှိနားလည်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်တတ်စေရန် စီမံရေးရာကိစ္စရပ်များ၊ ငွေစာရင်း ပြုစုရေးဆွဲထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်လိုက်နာဆောင်ရွက်တတ်စေရန်၊ ဥပဒေအရာရှိငယ်များ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အသစ်ခန့်အပ်ပြီးသော ဥပဒေအရာရှိများအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရသည်မှာ တာဝေးပြေးပွဲဖြစ်ကြောင်း၊ တာတိုတွင် ခွန်အား၊ တာလတ်မှာ သက်လုံ၊ တာဝေးတွင် စိတ်ဓာတ်ဆိုသကဲ့သို့ ရေရှည်အတွက် ရည်မှန်းချက်ထားကာ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေများကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာရမည့်အပြင် အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်အောင် လေ့လာကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကို သင်တန်းသား ၅၀၊ သင်တန်းသူ ၅၀ စုစုပေါင်း ၁၀၀ ဖြင့် ၄၆ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး လုပ်ငန်းခွင်ဝင်မည့် ဥပဒေအရာရှိ အဆင့်-၄ များ တတ်မြောက်ရမည့် Legal English ဘာသာရပ်၊ စီမံရေးရာ ဘာသာရပ်၊ တရားစွဲနှင့် အမှုလိုက်ဘာသာရပ်နှင့် သရုပ်ပြတရားခွင်တို့ဖြင့် သင်ကြားပို့ချလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❄ *ကျောဖုံးမှ*

ရီမုမိုင်း တစ်လုံးဖြင့် အဝေးမှ နှောင့်ယှက်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်တွင် အနုပညာရှင်များ၊ လုံခြုံရေး လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် မီးရထားဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာ မရှိကြောင်းနှင့် အထက်တန်း ၂ တွဲမြောက်၏ ကြမ်းခင်း ပွင့်ထွက် ပျက်စီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူလူထုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်လျက်ရှိစဉ် PDF အမည်ခံအကြမ်းဖက် သမားများအနေဖြင့် အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေမှုများအပေါ် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများကလည်း ရွံရှာ်ချလျက်ရှိကြောင်း သိရသည်။

ယင်းအဖျက်လုပ်ရပ်များအပေါ် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများနှင့် ဆက်စပ်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ ဆုငွေများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မတ် ၂၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့တွင် ၀ ဒသမ ၂၀လက်မစီ၊ ကန့်ဘလူမြို့၊ မြင်းမူမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၀ ဒသမ ၁၂လက်မစီ၊ သီပေါမြို့၊ ကျိုင်းတုံမြို့နှင့် နေပြည်တော်လေဆိပ် (ဇလာ) တို့တွင် ၀ ဒသမ ၀၈လက်မစီနှင့် ကနီမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှု(ဖိုရမ်) ဒုတိယနေ့အစီအစဉ် ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၉

**တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတည်ဆောက်ရေးနှင့်ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာစေရေး ရည်ရွယ်၍ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှု(ဖိုရမ်) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။** (ယာပုံ)



ဖိုရမ်တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ငြိမ်းချမ်းရေးဖြစ်စဉ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ၌ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူမှုသဟဇာတဖြစ်ခြင်း၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခြင်း၊ နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ရင်ကြားစေ့ရေးဆောင်ရွက်ခြင်းတို့ လိုအပ်ပါကြောင်း၊ ယနေ့ခေတ်တွင် အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးတို့ကို ရှေ့တန်းတင်လာကြကြောင်း နိုင်ငံတကာ ဥပမာများနှင့်တကွ ရှင်းလင်းဆွေးနွေးသည်။

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က UPDJC သုံးပွင့်ဆိုင်မှ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ အပိုင်း(၂) ကို ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးအောင်မြင်မှုရရှိရန်အတွက် တိုင်းရင်းသားပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တစ်ဆင့်ချင်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် အဓိကကျသဖြင့် မိမိတို့တွင်ရှိသည့် အရင်းအမြစ်များကို အပြည့်အဝ အသုံးချ၍ အခွင့်အလမ်းများကို ရယူရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားရေးရာနှင့် NCA ဆိုင်ရာ သုံးသပ်ခြင်း အပိုင်း(၂)ကို ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဆလိုင်းအန်ဒရူးငွန်ကျုံးလျန်က ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုစေမည့် ဆောင်ရွက်သင့်သည့် အချက်များကို ဆွေးနွေး၍ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ၏ မြေပြင်အခြေအနေခေါင်းစဉ်ဖြင့် အုပ်စုသုံးစုခွဲ၍ ဆွေးနွေးအကြံပြုခဲ့ကြပြီး အမေးအဖြေကဏ္ဍကို ဆက်လက်ပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ယခုကျင်းပသည့်ဖိုရမ်သည် ဝန်ကြီးဌာနက မျှော်မှန်းထားသည်ထက် ပိုမိုသည့် အတွေ့အကြုံများရရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အရွေ့တစ်ခုဖြစ်ရန် စတင်သည့် ခြေလှမ်းပင်ဖြစ်ပါကြောင်း၊ Guest Speakers များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသားစာပေသင် ဆရာ ဆရာမများ Language Teacher (LT)/ Teacher Assistant(TA) များ၏လစာကိစ္စများ အခက်အခဲရှိနေမှုကို တင်ပြမှုအပေါ် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာနရှိ အင်ဂျင်နီယာများ၊ နည်းပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၉**

စက်မှုဝန်ကြီးဌာနရှိ အင်ဂျင်နီယာများ၊ နည်းပညာရှင်များ၊ နည်းပညာ ကျွမ်းကျင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း က ကုန်ထုတ်လုပ်မှု ကဏ္ဍကို ဦးဆောင်ကြမည့် အင်ဂျင်နီယာများအတွက် အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ရေးအတွက် သိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရန်အတွက် လိုအပ်သောပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သိရှိရမည့်အချက်အလက်များကို ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေကြသည့် အင်ဂျင်နီယာ အရာထမ်းများ သိရှိနိုင်ရန် ယခု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

လုပ်ငန်းခွင်မှ ပေးသော သင်ခန်းစာများ၊ အခက်အခဲများကို လေ့လာသင်ယူခြင်းဖြင့် အောင်မြင်အောင်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် တာဝန်ပေးအပ်သည့် နေရာ၊ ဌာနများတွင် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရသည့်အတွက် ပညာရပ်၊ ဘာသာရပ်တစ်ခုတည်းကို တစိုက်မတ်မတ်ဖြင့် လေ့လာ၍ ကျွမ်းကျင်သူများဖြစ်ရန် အဟန့်အတား ရှိပါကြောင်း။

စီးပွားရေးတွက်ခြေကိုက်မှုကို ရှေ့တန်းတင်သည့် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း၌ စက်ရုံများရပ်ဆိုင်းခဲ့သည့်အတွက် ရပ်နားထားသော နိုင်ငံပိုင်စက်ရုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်ရ၍ အနာဂတ်မျှော်မှန်းချက်များ မှေးမှိန်ပြီး စိတ်ပိုင်းဆိုင်ရာ ကျဆင်း၍ အသက်ဝင်သော လုပ်ငန်းခွင်နှင့် ကင်းကွာခဲ့ရသောကြောင့် ဝန်ကြီးဌာနတွင်ရှိသည့် အင်ဂျင်နီယာများအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးရန်၊ ခိုင်မာသော မျှော်လင့်ချက်များကို ဖန်တီးပေးရန်နှင့် ရှိပြီးသားလုပ်ငန်း အတွေ့အကြုံများကို ပြန်လည် နိုးဆွတူးဖော်ပေးရန် လိုအပ်ကြောင်း၊ ထို့အပြင် ဥပဒေအရ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာများဖြစ်ရန် ပြင်ဆင်ဆောင်ရွက်ရာ၌ သိသင့်သော အချက်အလက်များကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖြန့်ကြက်တာဝန် ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာနရှိ အင်ဂျင်နီယာ အရာထမ်းများ အနာဂတ်မျှော်လင့်ချက် တစ်စိတ်တစ်ပိုင်းအတွက် ရလဒ်ကောင်းများ ရရှိလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုကို ဖော်ပြသည့် အစီရင်ခံစာများ ရေးသားပြုစုရာတွင် ပါဝင်သင့်သည့် အချက်များကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးတို့က Professional Development Program (PDP) ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက် လာသူများထဲမှ Professional Development Program (PDP) တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် မတ် ၂၉**

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ စားသောက်ဖွယ်ရာများနှင့် ရောဂါအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။ ထို့ပြင် နယ်မြေခံဆေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကပ်ဘေးများကြားမှ ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှု

မျိုးငြိမ်းငယ်

❖ **ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ထိခိုက်မှုများကို ရင်ဆိုင်ဖြေရှင်းနေကြရဆဲအချိန်တွင် ဖြစ်ပေါ်လာသော ကမ္ဘာ့နိုင်ငံရေး အကျပ်အတည်းသည် မီးလောင်ရာလေပင့်သကဲ့သို့ ကမ္ဘာ့စီးပွားရေးကိုသာမက နိုင်ငံတစ်နိုင်ငံချင်းစီအလိုက်လည်း စီးပွားရေးထိခိုက်မှုများကို ခံစားနေကြရပါသည်။ ကပ်ရောဂါကြောင့် ငွေကြေးဖောင်းပွမှုဖိအားများနှင့် ဟန်ချက်မညီသော ပြန်လည်ထူထောင်ရေးများဖြင့် ရင်ဆိုင်နေကြရသော မူဝါဒချမှတ်သူများအတွက် ပဋိပက္ခများကြောင့်ဖြစ်လာသည့် စီးပွားရေးဆိုင်ရာ ရေရှည်ထိခိုက်မှုများနှင့် မသေချာမှုများ မြင့်တက်လာခြင်းသည် စိန်ခေါ်မှုအသစ်များ ထပ်မံဖြစ်ပေါ်စေလျက်ရှိပါသည်**

**ကိုဗစ်-၁၉ (၂) နှစ် အလွန်**

၂၀၁၁ ခုနှစ်နှင့် ယခု ၂၀၂၂ ခုနှစ် အစောပိုင်းကာလက ကမ္ဘာတစ်ဝန်း စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်အတွင်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းမှုများ၊ အလုပ်အကိုင်ရှားပါးမှုများ၊ ဝင်ငွေလျော့ကျမှုများ ရင်ဆိုင်ခဲ့ကြရသည်။ အထူးသဖြင့် ဝင်ငွေနိမ့်ကျသော နိုင်ငံများတွင် စီးပွားရေးကျဆင်းမှုများကြောင့် ဆင်းရဲမှုနှုန်း ပိုမိုမြင့်တက်လာခဲ့သည်။

ကိုဗစ်ဖြစ်ပွားမှုသည် ယခုဆိုလျှင် ၂ နှစ် ရှိပြီဖြစ်သည်။ မည်သည့်အချိန်တွင် ကိုဗစ်ကင်းစင်မည် မသိနိုင်သေးချေ။ ကိုဗစ်ကူးစက်မှုများကြောင့် လူ့အသက်များ၊ စီးပွားရေးနှင့် လူမှုရေးများ များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဆင်းရဲမွဲတေမှု မြင့်တက်လာခြင်း၊ အလုပ်အကိုင်ဆုံးရှုံးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များသည် ချောက်ကမ်းပါးစွန်းသို့ တွန်းပို့ခြင်းခံရနေဆဲပင် ဖြစ်သည်။ ထို့အပြင် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများသည်လည်း နိုင်ငံအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ပိုမိုလက်လှမ်းဝေးစေလျက် ရှိပါသည်။

ကျဆင်းသွားသော ကမ္ဘာ့စီးပွားရေး ပြန်လည်ထူထောင်ရေးသည် ကိုဗစ်-၁၉ ကူးစက်မှု လှိုင်းအသစ်များ၊ လုပ်သားဈေးကွက်စိန်ခေါ်မှုများ အခိုင်အမာရှိနေခြင်း၊ ထောက်ပံ့မှုကွင်းဆက် ကန့်သတ်ချက်များရှိနေခြင်းနှင့် ငွေကြေးဖောင်းပွမှုဖိအားများ မြင့်တက်နေခြင်းများကြောင့် ကမ္ဘာ့စီးပွားရေး အခြေအနေမှာ အထိမခံနိုင်သော အခြေအနေတွင် ရှိနေပါသည်။ ၂၀၂၀ ပြည့်နှစ်က ကမ္ဘာတစ်ဝန်း အတိုင်းအတာအရ ၃ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ်တွင် နှစ်ပေါင်း ၄၀ ကျော်တွင် အမြင့်ဆုံးတိုးတက်မှုနှုန်းအဖြစ် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃ တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန် ကုလသမဂ္ဂက ခန့်မှန်းခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့အသားတင်ထုတ်လုပ်မှုမှာ ၂၀၁၉ ခုနှစ်ကထက် ၁ ဒသမ ၉ ရာခိုင်နှုန်း ကျော်လွန်ခဲ့သော်လည်း ကပ်ရောဂါမတိုင်မီက ခန့်မှန်းထားသည့် ထုတ်လုပ်မှုအဆင့် ၃ ဒသမ ၃ ရာခိုင်နှုန်းအောက်တွင် ရှိနေသေးသည်။ ယင်းဖော်ပြချက်များသည် နိုင်ငံများနှင့် ဒေသများအလိုက် ပြန်လည်ထူထောင်ရေး လုပ်ဆောင်မှုများတွင် ကွဲပြားခြားနားမှုများ ရှိနိုင်ကြောင်း ဆိုပါသည်။

**ရုရှား-ယူကရိန်းပဋိပက္ခ**

ကိုဗစ်အကျပ်အတည်းကြောင့် ကျဆင်းနေသည့် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူရန် ကြိုးပမ်းနေချိန်တွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစ၍ ဖြစ်ပွားနေသော ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူရေး မျှော်မှန်းချက်များကို ထိခိုက်စေခဲ့ပါသည်။ ယင်းပဋိပက္ခနောက်ဆက်တွဲအနေဖြင့် ၂၀၂၂ ခုနှစ်အတွက် ခန့်မှန်းထားသော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုနှုန်း တစ်ရာခိုင်နှုန်း ကျဆင်းသွားနိုင်သည့် အလားအလာရှိကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး United Nations Conference on Trade and Development (UNCTAD) က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့စီးပွားရေးဆိုင်ရာ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရေးအကြီးဆုံးမှာ ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှု မျှော်မှန်းချက်ကို နိမ့်ကျစေခြင်းဖြစ်ကြောင်း ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ UNCTAD ဌာနခွဲမှ ဒါရိုက်တာ Richard Kozul-Wright က ဂျီနီဗာတွင် ပြောကြားခဲ့သည်။ ကမ္ဘာ့စီးပွားရေးသည် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း ၂၀၂၁ ခုနှစ် စက်တင်ဘာလက ခန့်မှန်းခဲ့သော်လည်း ၂၀၂၂ တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းသာ တိုးတက်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ထိုသို့ဖြစ်လာစေသည့် အဓိက အကြောင်းရင်းမှာ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရုရှား-ယူကရိန်းစစ်ပွဲကြောင့် အာရှ-ပစိဖိတ် ဒေသတွင် သွင်းကုန်ဈေးနှုန်း ပိုမိုမြင့်တက်လာခြင်း၊ အထူးသဖြင့် စွမ်းအင်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ယင်း၏ အကျိုးသက်ရောက်မှုများ ခံစားကြရမည်ဖြစ်ကြောင်း Coface စီးပွားရေး သုတေသနအသင်းက ခန့်မှန်းထားပါသည်။ ယင်း၏ ခန့်မှန်းချက်များတွင် -

၁။ ကုန်ဈေးနှုန်းများ ပိုမိုမြင့်မားလာခြင်းကြောင့် နှေးကွေးသော စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင် ရှားပါးမှုအန္တရာယ်နှင့် လူမှုရေးမတည်ငြိမ်မှုကို တိုးမြင့်စေမည့် ရေရှည်ငွေကြေးဖောင်းပွနိုင်သည့် စိန်ခေါ်မှုများကို ဖြစ်စေနိုင်သည်။

၂။ မော်တော်ယာဉ်၊ သယ်ယူပို့ဆောင်ရေး သို့မဟုတ် ဓာတုပစ္စည်းထုတ်ကုန်များအပေါ် ထိခိုက်စေနိုင်ချေရှိပါသည်။

၃။ ၂၀၂၂ ခုနှစ်တွင် ရုရှား၏ စီးပွားရေးမှာ ၇ ဒသမ ၅ ရာခိုင်နှုန်း ဆုတ်ယုတ်နိုင်ပြီး အဆင့်သတ်မှတ်ချက်အနေဖြင့် အလွန်စိုးရိမ်ရသည့် အဆင့်ဖြစ်ပါသည်။

၄။ ဥရောပတွင် စိန်ခေါ်မှုအများဆုံးဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် ထပ်မံငွေကြေးဖောင်းပွမှု အနည်းဆုံး ၁ ဒသမ ၅ ရာခိုင်နှုန်း ရှိနိုင်ပြီး GDP တိုးတက်မှုမှာ တစ်ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို အပြီးတိုင်ဖြတ်တောက်လိုက်ပါက GDP ကျဆင်းမှု အနည်းဆုံး ၄ ရာခိုင်နှုန်းရှိနိုင်ပြီး သုညအထိပင် ရောက်ရှိနိုင်သဖြင့် ၂၀၂၂ အတွက် ကောင်းသော အခြေအနေတွင်မရှိကြောင်း Coface က ထုတ်ပြန်ထားပါသည်။

**ကမ္ဘာ့စီးပွားရေး**

ကမ္ဘာ့စီးပွားရေးသည် လျင်လျင်မြန်မြန်ဆိုးရွားလာမည့် အလားအလာရှိပြီး ကိုဗစ်-၁၉ ဖြစ်ပွားပြီး ၂ နှစ်ကြာပြီးနောက် ကမ္ဘာ့စီးပွားရေး ပျမ်းမျှ တိုးတက်မှုနှုန်းသည် ယမန်နှစ်က ၅ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းသာရှိနိုင်သဖြင့် ၂၀၂၁ ခုနှစ် နောက်ဆုံးလေးလပတ်က ခန့်မှန်းချက်ထက် ကျဆင်းသွားနိုင်ကြောင်း UNCTAD အထွေထွေအတွင်းရေးမှူး Rebeca Grynspan က ဆိုပါသည်။ အခြေအနေများသည် လူတိုင်းအတွက် ဆိုးရွားစေကြောင်း UNCTAD အကြီးအကဲက ဆိုခဲ့ပြီး အာဖရိကဦးချိုဒေသတွင် ဆက်တိုက်မိုးခေါင်ခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရုရှား-ယူကရိန်း စစ်ပွဲတို့နှင့်အတူ ရာသီပြောင်းလဲမှုများသည်လည်း တစ်စိတ်တစ်ဒေသ ပါဝင်နေကြောင်း မှတ်ချက်ပြုထားပါသည်။

ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် ဘဏ္ဍာရေးအရ အရေးယူပိတ်ဆို့မှုများ၊ ကုန်ဈေးနှုန်းများနှင့် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်ခြင်း လမ်းကြောင်းသုံးခုဖြင့် ထိခိုက်စေနိုင်ကြောင်း Economist Intelligence Unit (EIU) က ဆိုပါသည်။ ထို့ကြောင့် ကုန်ပစ္စည်းဈေးနှုန်းများသည် လပေါင်းများစွာ မြင့်တက်ခြင်း၊ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်ခြင်း၊ ယခုနှစ် ကမ္ဘာ့ငွေကြေးဖောင်းပွမှု ၆ ရာခိုင်နှုန်းကျော် မြင့်တက်နိုင်ခြင်းကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း ခန့်မှန်းထားပါသည်။

မြင့်မားသည့် လူနေမှုစရိတ် ဖိအားများစွာဖြင့် ရုန်းကန်နေရသော အတော်အတန် ချမ်းသာသော နိုင်ငံများသည်ပင် ၎င်းတို့ကို ရုန်းထွက်နိုင်စေရန် နိုင်ငံတကာ ငွေကြေးစနစ်ထံမှ အကူအညီ တောင်းခံထားပြီးဖြစ်ကြောင်း ဆိုသည်။ ကမ္ဘာ့အဆင်းရဲဆုံးနှင့် သွင်းကုန်အပေါ် မှီခိုနေရသော နိုင်ငံများသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဒဏ်ကို အဆိုးဆုံးခံစားရမည်ဖြစ်ကြောင်း UNCTAD က အခိုင်အမာ ပြောကြားထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အစားအစာ၊ စွမ်းအင်နှင့် ဓာတ်မြေဩဇာ ဈေးနှုန်းများ မြင့်တက်မှုကြောင့် အဆိုးဆုံးခံစားကြရမည်ဖြစ်ကြောင်း Grynspan ကလည်း ဆိုပါသည်။

**စိန်ခေါ်မှုအသစ်များ**

ကိုဗစ်-၁၉ ကြောင့် ဖြစ်လာသည့် စီးပွားရေးကျဆင်းမှုများသည် ကမ္ဘာတစ်ဝန်း မညီမျှမှုများ ပိုမိုကြီးမားလာစေပြီး မသေချာမရေရာမှုများ၊ အခက်အခဲများနှင့် မမျှတသော ပြန်လည်ထူထောင်ရေးများ ဖြစ်စေခဲ့ပါသည်။ အချို့နိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံမှုနှင့် ထိရောက်သော စီးပွားရေး ပံ့ပိုးမှုများကြောင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို တိုးတက်စေလျက်ရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုးတက်မှုသည် ညီမျှမှုမရှိသေးကြောင်း တွေ့ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သုံးပုံတစ်ပုံသည် ကပ်ရောဂါမတိုင်မီက အခြေအနေသို့ ရောက်လုနီးပါးရှိနေသော်လည်း ကာကွယ်ဆေး ရရှိနိုင်မှုနှင့် ဘဏ္ဍာရေးရင်းမြစ်အကန့်အသတ်များကြောင့် အခက်အခဲများရှိနေကြဆဲ ဖြစ်သည်။ အစောပိုင်းက အလုပ်အကိုင်ဆုံးရှုံးရမှုများအတွက် အလုပ်အကိုင်ဖန်တီးပေးမှုမှာ လုံလောက်မှုမရှိသေးဘဲ အလုပ်အကိုင်ရှားပါးမှုကြောင့် အမျိုးသမီးများနှင့် လူငယ်များကို ပိုမိုထိခိုက်စေလျက်ရှိပါသည်။ ယင်းသို့သောအခြေအနေတွင် ကိုဗစ်-၁၉ မျိုးကွဲအသစ်များ ထပ်မံပြန့်ပွားလာမှုကြောင့် ပြန်လည်ထူထောင်ရေးမျှော်မှန်းချက်များကို အဟန့်အတား ဖြစ်စေခဲ့ကြောင်း ကုလသမဂ္ဂက ဆိုပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ထိခိုက်မှုများကို ရင်ဆိုင်ဖြေရှင်းနေကြရဆဲအချိန်တွင် ဖြစ်ပေါ်လာသော ကမ္ဘာ့နိုင်ငံရေး အကျပ်အတည်းသည် မီးလောင်ရာ လေပင့်သကဲ့သို့ ကမ္ဘာ့စီးပွားရေးကိုသာမက နိုင်ငံတစ်နိုင်ငံချင်းစီအလိုက်လည်း စီးပွားရေးထိခိုက်မှုများကို ခံစားနေကြရပါသည်။ ကပ်ရောဂါကြောင့် ငွေကြေးဖောင်းပွမှု ဖိအားများနှင့် ဟန်ချက်မညီသော ပြန်လည်ထူထောင်ရေးများဖြင့် ရင်ဆိုင်နေကြရသော မူဝါဒချမှတ်သူများအတွက် ပဋိပက္ခများကြောင့်ဖြစ်လာသည့် စီးပွားရေးဆိုင်ရာ ရေရှည်ထိခိုက်မှုများနှင့် မသေချာမှုများ မြင့်တက်လာခြင်းသည် စိန်ခေါ်မှုအသစ်များ ထပ်မံဖြစ်ပေါ်စေလျက်ရှိပါသည်။

**တုံ့ပြန်နိုင်မည့်မူဝါဒများ**

ထိုဖြစ်ပေါ်လာနေသည့် စီးပွားရေးဆိုင်ရာ အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ကုစားကြရာတွင် နိုင်ငံ၏စီးပွားရေးနောက်ခံကောင်းမွန်မှု၊ လိုက်လျောညီထွေရှိသော မူဝါဒများ၊ စီမံခန့်ခွဲမှုများ၊ ရင်းမြစ်ရရှိနိုင်မှုအလိုက် စီးပွားရေးပြန်လည်နာလန်ထူမှုတွင် ကွာခြားသွားမည်ဖြစ်သည်။ မသေချာ မရေရာသောကာလအတွင်း ဆိုးရွားသော ထောက်ပံ့ရေးဂယက်နှင့် ကုန်ဈေးနှုန်းမြင့်မားမှုတို့ဖြင့် ရင်ဆိုင်နေကြရချိန်တွင် ငွေကြေးမူဝါဒများသည် မှန်ကန်သောတုံ့ပြန်မှုဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများ၏ အကျပ်အတည်းများကို ပံ့ပိုးကူညီနိုင်မည် ဖြစ်ပါသည်။

UNCTAD ၏ မူဝါဒဆိုင်ရာ အကြံပေးချက်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သင့်တင့်သော တိုးတက်မှုအတွက် စီးပွားရေးအခွင့်အလမ်းများ ခွင့်ပြုပေးရန် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှု လိုအပ်ကြောင်း၊ သို့မှသာ ကြွေးမြီဝန်ထုပ်ဝန်ပိုးများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အလားအလာရှိကြောင်း ဖော်ပြထားပါသည်။

*စာမျက်နှာ ၁၀ သို့*

# (၇၇)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၂၉**

(၇၇)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘောဂသီရိအဝေးပြေးကားကွင်းအနီးရှိ မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အနီး မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအနီး လမ်းဆုံတွင်လည်းကောင်း၊ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌လည်းကောင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။ စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာ စိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ (၇၇)နှစ်မြောက် တပ်မတော်နေ့ တံဆိပ်ကြီးကိုလည်းကောင်း၊ ပန်းအလှများဖြင့်ခြယ်သထားပြီး စစ်ရေးပြကွင်းကြီးအတွင်းတွင်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ရောင်စုံအလံများကိုလည်း လွှင့်ထူထားသည့်အပြင် မီးထွန်းညှိထားသည့် တပ်မတော်နေ့ မီးရှူးတိုင်ကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။






ထို့အပြင် (၇၇)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များနှင့် လက်နက်ပုံစံတူများကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ ယနေ့တွင်လည်း လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တော်လှန်ရေးပန်းခြံတွင်လည်း မုခ်ဦးများ၊ ပန်းအလှပင်များ၊ (ကြည်း၊ ရေ၊ လေ)တံဆိပ်၊ သမိုင်းဝင်စစ်ထွက်သပြေပင်နှင့် မြင်းချည်တိုင်သပြေပင်တို့တွင် မီးအလှများဆင်ထားပြီး (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မီးအလှများ၊ မီးရှူးတိုင်အလှမီးများ၊ တင့်ကားပုံ၊ စစ်ရေယာဉ်ပုံ၊ ရဟတ်ယာဉ်ပုံ၊ တပ်မတော်သုံးအမြောက်ပုံများကို မီးအလှဆင်ထွန်းညှိထားရှိသည်။

ထို့ပြင် (၇၇)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါနေရာများသို့ ယနေ့တွင်လည်း လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ချင်းပြည်နယ်အတွင်းသို့ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းလွှာ၊ အဖြေလွှာများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ သွားရောက်ပို့ဆောင်သည့် တပ်မတော်ရဟတ်ယာဉ်တစ်စင်း မတော်တဆမှုဖြစ်ပွား

**နေပြည်တော် မတ် ၂၉**

အခြေခံပညာအဆင့် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် တစ်နိုင်ငံလုံး၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုမှုများ အဆင်ပြေချောမွေ့စွာ ဖြေဆိုဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံအဝန်းရှိ ဝေးလံခေါင်ဖျားသည့် ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နေရာဒေသများသို့ တပ်မတော်ယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးအစောင့်အရှောက်များ လိုက်ပါ၍ ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိစဉ် ချင်းပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ဖြေဆိုရန် မေးခွန်းလွှာ၊ အဖြေလွှာများနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား သွားရောက်ပို့ဆောင်သည့် တပ်မတော် ရဟတ်ယာဉ်သည် ယနေ့နံနက် ၉ နာရီခန့်တွင် ဟားခါးမြို့ရှိ နယ်မြေခံတပ်ရင်း ရဟတ်ယာဉ်ကွင်း၌ ဆင်းသက်စဉ် လေထုမငြိမ်မသက် ဖြစ်ပေါ်ခဲ့မှုကြောင့် ရဟတ်ယာဉ်ကွင်းအနီး ပေ ၅၀ ခန့်အကွာ နေရာသို့ အမြင့်မီတာ ၂၀ ခန့်မှ မတော်တဆပြုတ်ကျမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ် ဖြစ်ပွားမှုကြောင့် မေးခွန်းလွှာ၊ အဖြေလွှာများ ထိခိုက်ပျက်စီးမှုမရှိဘဲ သက်ဆိုင်ရာ စာစစ်ဌာနအသီးသီးသို့ အချိန်မီရောက်ရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်းနှင့် ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသည့် အရပ်ဘက် ဝန်ထမ်းသုံးဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတို့တွင် မစိုးရိမ်ရ ဒဏ်ရာများရရှိခဲ့သောကြောင့် နယ်မြေခံ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဝိုင်းမော်မြို့နယ်ရှိ ရွှေလမ်းငွေလမ်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က ဝိုင်များ ထုတ်လုပ်ဖြန့်ဖြူး

**နေပြည်တော် မတ် ၂၉**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ရွှေလမ်းငွေလမ်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က ဝိုင်လုပ်ငန်းအတွက် အဓိကကုန်ကြမ်းများဖြစ်သော စပျစ်၊ မက်မန်း၊ ပိုးဇာ၊ ချဉ်စော်ကားသီးများကို ဒေသတွင်း ကာလပေါက်ဈေးပေးပြီး ဝယ်ယူသိုလှောင်ကာ အရည်အသွေးမြင့် ဝိုင်များထုတ်လုပ်၍ တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကလုပ်ငန်းများသို့ ပုလင်းကြီးတစ်လုံးလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အသင်းမှ ဝိုင်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် စပျစ်၊ မက်မန်း၊ ပိုးဇာ၊ ချဉ်စော်ကား ဝိုင်ဂါလန် ၂၀၀၀ (ပုလင်းကြီး ၁၂၀၀၀) ပျမ်းမျှ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

ကျွန်တော်တို့သည် နှစ်ပေါင်း ၉၀ အတွင်း အဆိုးဆုံးသော စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေကြရကြောင်း၊ အားလုံး၏အနာဂတ်ကို ယခုရွေးချယ်ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း၊ ပြည့်စုံသော မူဝါဒများ၊ အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုများနှင့် ထိရောက်သော ဘက်စုံစနစ်များ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းထားပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေးအကျပ်အတည်းကြောင့်ဖြစ်လာသည့် လောင်စာဆီဈေးနှုန်းမြင့်တက်မှု၊ ငွေကြေးဖောင်းပွမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်အကိုင်ရှားပါးမှုများသည် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံချင်းစီအလိုက်လည်း ကြီးမားသော စိန်ခေါ်မှုအဖြစ် ရှိနေပါသည်။

ကမ္ဘာတစ်ဝန်း လွှမ်းခြုံနေသည့် စီးပွားရေးဂယက်သည် ဒေသအလိုက် တစ်နိုင်ငံချင်းစီ၊ လုပ်ငန်းတစ်ခုချင်းစီအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိနေပါသည်။ စီးပွားရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ရာ နိုင်ငံ့စီးပွားရေးအပေါ် ထိခိုက်မှုတိုးမြင့်လာသည်နှင့်အမျှ မတည်ငြိမ်မှုများ၊ မညီမျှမှုများ၊ မသေချာမရေရာမှုများ မြင့်မားလာမည်ဖြစ်ပါသည်။ ထိုဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကြောင့် နိုင်ငံများအလိုက် ဆောင်ရွက်နေဆဲ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့်တွေ့ကြုံနိုင်သည့် အခြေအနေဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေနှင့်အညီ ရေတို၊ ရေရှည် ထိရောက်စွာ တုံ့ပြန်နိုင်မည့် မူဝါဒများ ချမှတ်ကျင့်သုံးရန်မှာ အဓိကလိုအပ်ချက်တစ်ရပ်အဖြစ် တွေ့ရပါသည်။

**ရည်ညွှန်း**

၁။ Economic and Social Impacts and Policy Implications of the War in Ukraine, March 2022
၂။ World Economic Situation Prospects ၊ United Nations ၊ 2021
၃။ World Economic Situation Prospects၊ United Nations ၊ 2022
၄။ https://news.un.org/en/story/2022/03/1114602
၅။ https://blogs.worldbank.org/voices/global-economic-outlook-five-charts-1
၆။ https://www.coface.com/News-Publications/News/Economic-consequences-of-the-Russia-Ukraine-conflict-Stagflation-ahead
၇။ https://www.eiu.com/n/global-economic-implications- of- the- russia- ukraine-war/

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကလျာဏီရပ်ကွက်နေ ရွှေဝတ်ရည်သည် ၎င်းအသုံးပြုသည့် “Shwe Wutt Ye”Facebook အကောင့်၊ ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက်နေ ဖြိုးဆုမွန်သည် ၎င်းအသုံးပြုသည့် “Phyo Su Monn” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နေ မိုးဆွေသည် ၎င်းအသုံးပြုသည့် “Moe Swe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရိုင်မြန်မာ့အာမခံရုံးအား သေနတ်ပြခြိမ်းခြောက်၍ ငွေများလုယက်ယူဆောင်

**နေပြည်တော် မတ် ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရိုင်မြန်မာ့အာမခံရုံးအား သေနတ်ပြခြိမ်းခြောက်၍ ငွေများ လုယက်ယူဆောင်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲ၌ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ ခရိုင်မြန်မာ့အာမခံရုံးအရှေ့သို့ PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးက ဆိုင်ကယ် လေးစီးဖြင့် သေနတ်များ ကိုယ်စီကိုင်ဆောင်ကာ ရောက်ရှိလာပြီး ရုံးအတွင်းသို့ ဝင်ရောက်လာကာ ရုံးအတွင်းရှိနေသည့် ခရိုင်တာဝန်ခံ ဒေါ်ခင်မျိုးသီ (၅၉)နှစ် (ဘ) ဦးသန်းမောင်ပါ ဝန်ထမ်း ကိုးဦးတို့ကို သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ် ၃၂၃၈၀၀၀ ခန့်၊ လက်ကိုင်ဖုန်း ခြောက်လုံး၊ မှတ်ပုံတင်နှင့် ဝန်ထမ်းကတ်များ လုယက်ယူဆောင်ကာ ဆိုင်ကယ်များဖြင့် ပြန်လည်မောင်းနှင် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ခရိုင်မြန်မာ့အာမခံရုံးဝင်း အတွင်းသို့ ဝင်ရောက်ကာ ရုံးအတွင်းရှိ ဝန်ထမ်းများကို သေနတ်ပြခြိမ်းခြောက်၍ ငွေများ လုယက်ယူဆောင်သွားခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ⚙ ကျောဖုံးမှ

ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ တီမောနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဆီယံပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် မတ် ၁၅ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပသည့် ဖိတ်ခေါ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး စတုတ္ထနေရာရရှိခဲ့သည်။ မြန်မာဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံ၌ ဆက်လက်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံသို့ ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားပြီး ပြိုင်ပွဲကျင်းပရေးက သတ်မှတ်သည့် ကစားသမားအရေအတွက် အပေါ်မူတည်၍ အပြီးသတ်ကစားသမား ရွေးချယ်မည်ဖြစ်သည်။ ပုံမှန်အရ ကစားသမား ၁၄ ဦးသာ ရွေးချယ်ရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကာလဖြစ်သောကြောင့် ကစားသမား ၁၈ ဦးအထိ ရွေးချယ်ခွင့်ရရန် တင်ပြထားခြင်းဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်က အတည်ပြုခြင်း မရှိသေးပေ။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းတွင် **အဖွဲ့ခေါင်းဆောင်** – ဒေါက်တာရဲမွန်ထွဋ်၊ **အုပ်ချုပ်သူ**– ဦးရဲဝင်းထွန်း၊ **နည်းပြချုပ်** – ဘန်လက်ချာယိုဝန်(ထိုင်း)၊ **လက်ထောက်နည်းပြများ** – ဦးငွေးမြင့်၊ ဦးကျော်ဇင်ညွန့်၊ **ဂိုးနည်းပြ** – ဦးထွန်းထွန်းလတ်၊ **ကြံ့ခိုင်ရေးနည်းပြ** – တာဝမ်(ထိုင်း)၊ **အကြောကျွမ်းကျင်** – ဦးအောင်အောင်၊ **ဂိုးသမားများအဖြစ်** ကျော်ထက်အောင်၊ ဇွဲပြည့်စုံ၊ မိုးမင်းအောင်၊ **ကစားသမားများအဖြစ်** ဟိန်းမင်းစိုး၊ မျိုးမြင့်စိုး၊ ဇော်ဝဏ္ဏ၊ ကိုကိုလွင်၊ စိုင်းပြုံးအောင်၊ ဝေဇင်ဦး၊ ထက်မြတ်ထွန်း၊ ထက်မြတ်နိုင်၊ မျိုးသက်အောင်၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ချမ်းသာ၊ ထွန်းအောင်ကျော်၊ သိုင်းဘွဲ့အောင်၊ ခင်ဇော်လင်း၊ ရဲမင်းခန့်၊ နိုင်လင်းထွန်းကျော်၊ လှိုင်မင်းထွန်း၊ အောင်ဇင်ဦးတို့ ပါဝင်သည်။

**ရဲရင့်လွင်**

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်၍ သံဃာတစ်ပါး ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၉**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် မတ် ၂၈ ရက် နံနက် ၉ နာရီ မိနစ်၂၀ တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကမ်းပါးနီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ကျောင်းထိုင်ဆရာတော် ဦးအိန္ဒြာစာရ(၇၆)နှစ်အား “ဒလန်၊ သတင်းပေး”ဟု စွပ်စွဲပြောဆိုကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ် ထွက်ပြေးသွားခဲ့ရာ ကျောင်းထိုင် ဆရာတော် ဦးအိန္ဒြာစာရတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဆေးဝါးကုသနိုင်ရေး မုံရွာမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ သာသနာ့နွယ်ဝင်သံဃာ တစ်ပါးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သနပ်ပင်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးမျိုးစေ့ထုတ် စံပြစိုက်ကွက်ရိတ်သိမ်း

**သနပ်ပင် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် အောက်စုရပ်ကွက် ကွင်းအမှတ် ၈၅၈(က)၊ ဦးပိုင်အမှတ်(၄)ရှိ တောင်သူ ဦးရဲမင်းကိုကို စိုက်ပျိုးလုပ်ကိုင်သော မြေအတွင်းမှ စိုက်ပျိုးထားသည့် မျိုးသန့်မျိုးပွားမျိုးစေ့ မော်ဘီ(၃)မျိုး စံပြစပါးစိုက်ကွက်အား ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ကျင်းပကြောင်း သိရသည်။

အဆိုပါ စပါးရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများ တက်ရောက်ကြပြီး စံပြစပါးကွက်ကို ရိတ်သိမ်းရာ မျိုးသန့်၊ မျိုးပွားမျိုးစေ့ မော်ဘီ(၃) စပါးမျိုးစိုက်ပျိုးရာ တစ်ဧကလျှင် အစိုချိန် ၁၂၉ တင်းကျော် ထွက်ရှိရာ ဈေးကွက်စီးပွားရေးစနစ်အရ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်းနှင့် တောင်သူတစ်ပိုင်တစ်နိုင် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်လိုအပ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြူကြူမြင့်က ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# အမေရိကန်တွင် အပတ်စဉ် ကိုဗစ် -၁၉ ကူးစက်ခံရသည့် ကလေးအရေအတွက်မှာ ၃၀၀၀၀ နီးပါးရှိလာ

**လော့စ်အိန်ဂျလိစ် မတ် ၂၉**



အမေရိကန်တစ်ဝန်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကလေးပေါင်း ၃၀၀၀၀ နီးပါးမှာ ကိုဗစ် -၁၉ ကူးစက်ခံရသည်ဟု အမေရိကန် ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံများအသင်းမှ မတ် ၂၈ ရက်တွင်ထုတ်ပြန်သည့် အချက်အလက်များအရသိရသည်။ ၂၀၂၂ ခုနှစ်အတွင်း အိုမီခရွန် ကူးစက်ပြန့်ပွားနေစဉ် ကလေးများတွင် ကိုဗစ် -၁၉ ကူးစက်မှုမှာစံချိန်တင်မြင့်မားလာခဲ့သည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ အမေရိကန်တွင်ကိုဗစ် -၁၉ ကူးစက်ခံရသည့် ကလေးစုစုပေါင်း ၁၂ ဒသမ ၈ သန်း ရှိပြီဖြစ်သည်ဟု အစီရင်ခံစာအရသိရသည်။

ပြီးခဲ့သည့်သီတင်းပတ် လေးပတ်တာကာလအတွင်း နောက်ထပ်ကူးစက်ခံရသူ ကလေးဦးရေ ၁၇၁၀၀၀ ထပ်တိုးလာခဲ့သည်။ စက်တင်ဘာလ ပထမသီတင်းပတ်မှစတင်ကာ နောက်ထပ်ကလေး ၇ ဒသမ ၈ သန်းမှာလည်း ကိုဗစ် -၁၉ ကူးစက်ခံခဲ့ရသည်။ ဗီဇပြောင်းအသစ်နှင့်ဆက်စပ်၍ ရောဂါပြင်းထန်မှုများကို အကဲဖြတ်ရန်နှင့် နောက်ထပ်ကာလရှည်ကြာ ရောဂါဆိုးကျိုးများကို သိရှိနိုင်ရန်အတွက် ပိုမိုတိကျသည့် အသက်အပိုင်းအခြားအချက်အလက်များ စုဆောင်းရယူနိုင်ရန် အရေးတကြီး လိုအပ်နေသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူစုစုပေါင်း ခြောက်သန်းကျော်အထိရှိလာ

**ဂျကာတာ မတ် ၂၉**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အချိန် ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်ကာ ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ခြောက်သန်းကျော် ရှိလာပြီဟု သိရသည်။ မတ် ၂၈ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၂၇၉၈ဦးထပ်တိုးလာသည့်အတွက် စုစု ပေါင်းကူးစက်ခံရသူ ဦးရေမှာ ၆၀၀၁၇၅၁ ဦး ရှိလာသည်။ သေဆုံးသူမှာလည်း ၁၀၄ ဦး ထပ်တိုးခဲ့သည်။

ထို့ကြောင့် သေဆုံးသူစုစုပေါင်း ၁၅၄၇၇၄ ဦးအထိ ရှိလာခဲ့သည်။ ယခုအချိန်အထိ ပြန်လည်ကျန်းမာလာသူ ဦးရေမှာ ၅ ဒသမ ၇ သန်းကျော် ရှိပြီဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လူဦးရေ၏ ၁၉၅ ဒသမ ၉၅ သန်းမှာ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးဖြစ်သည်။ လူဦးရေ ၁၅၇ ဒသမ ၉၇ သန်းမှာ နှစ်ကြိမ် ထိုးပြီးပြီဟု သိရသည်။ လူဦး ရေ ၂၀၈ ဒသမ၂ သန်းကို ကာကွယ်ဆေးအပြည့် ထိုးပေးရန် ရည်ရွယ်၍ အစိုးရသည် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးခြင်းအပါအဝင် ကာကွယ်ဆေးအလုံးရေ ၃၇၄ ဒသမ ၀၆ သန်းကို ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ**




အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကားစောင့်နေကြသည့် ခရီးသည်များကို တွေ့ရစဉ်။

# မက္ကဆီကိုနိုင်ငံ၌ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၂၀ အထိရှိလာ

**မက္ကဆီကိုစီးတီး မတ် ၂၉**

မက္ကဆီကိုနိုင်ငံ၌ မတ် ၂၇ ရက်ညပိုင်းက တိတ်တဆိတ်ပြုလုပ်သည့် ကြက်တိုက်လောင်းကစားပွဲတွင် သေနတ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံး သူဦးရေမှာ၂၀ ထက်မနည်း ရှိလာပြီဖြစ်သည်။ မက္ကဆီကိုနိုင်ငံ မီချို အာကန်ပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသခံအာဏာပိုင်များကပြောသည်။ည ၁၀ နာရီခွဲခန့်တွင် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ရှေ့နေချုပ်ရုံးက ပြောသည်။

မှုခင်းဆရာဝန်အဖွဲ့ကို အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ခဲ့ပြီးနောက် လူ ၁၉ ဦးမှာသေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရကြောင်း သိရသည်။သေဆုံးသူများထဲတွင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး သုံးဦး ပါဝင်သည်။ ဆေးရုံပို့ဆောင်စဉ်အတွင်း အမျိုးသားတစ်ဦး ထပ်မံသေဆုံးခဲ့သည်။ ထို့ပြင် ဒဏ်ရာရရှိသူအချို့ကိုလည်း ဆေးရုံပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါပြည်နယ်မှာ ရာဇဝတ်ဂိုဏ်းများ၏ မူးယစ်ဆေးမှောင်ခိုကူးခြင်းများနှင့် အကြမ်းဖက်မှုများ ကြီးစိုးရာဒေသလည်းဖြစ်သည်။ မက္ကဆီကိုနိုင်ငံတွင်၂၀၂၂ခုနှစ်မှစတင်ကာ လူသတ်မှု၏ ၇၀ ရာခိုင်နှုန်းမှာ ရာဇဝတ်မှုဂိုဏ်းများနှင့် ဆက်စပ်နေသည်ဟု သိရသည်။

ဆင်ဟွာ

# ရုပ်ရှင်မင်းသား ဝီစမစ်၏ အော်စကာည အပြုအမူအတွက် အကယ်ဒမီဆုချီးမြှင့်ရေးအဖွဲ့က စုံစမ်းစစ်ဆေးသွားမည်

**လော့စ်အိန်ဂျလိစ် မတ် ၂၉**

ဟောလိဝုဒ် ရုပ်ရှင်မင်းသား ဝီစမစ်သည် အကယ်ဒမီဆုပေးပွဲညက စင်ပေါ်ရှိ အခမ်းအနားတင်ဆက်သူကို ကိုယ်ထိလက်ရောက် ရိုက်နှက်ခဲ့သည့်အတွက် ယင်းကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်နေသည်ဟု အကယ်ဒမီဆုချီးမြှင့်ရေးအဖွဲ့က ကြေညာခဲ့သည်။ စမစ်မှာ ယင်းညက အကောင်းဆုံး သရုပ်ဆောင်ဆုကိုရရှိခဲ့ပြီး ၎င်း၏အပြုအမူနှင့်ပတ်သက်၍ ရှုတ်ချကြောင်း အကယ်ဒမီ၊ ရုပ်ရှင်နှင့် သိပ္ပံအဖွဲ့ကြီးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ တရားဝင်သုံးသပ်မှုများ ပြုလုပ်နေပြီဖြစ်ပြီး နောက်ထပ် အရေးယူမှုများနှင့် ဥပဒေအတိုင်း ဆက်လက် လုပ်ဆောင်ရန်စဉ်းစားနေသည်ဟု ကြေညာခဲ့သည်။

အခမ်းအနား တင်ဆက်သူ ခရစ်ရော့ခ်သည် ဝီစမစ်၏ ဇနီးသည် အသွင်အပြင်နှင့်ပတ်သက်၍ ဟာသပြုလုပ်ခဲ့သည့်အတွက် စင်ပေါ်သို့တက်ကာ ဝီစမစ်က ရိုက်ခဲ့ခြင်းဖြစ်သည်။ ဝီစမစ်၏ ဇနီးသည် ပင့်ကက်စမစ်သည် ရောဂါကြောင့် ဆံပင်များဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဝီစမစ်သည် ၎င်း၏အပြုအမူ အတွက် ရော့ခ်ကို ဆိုရှယ်မီဒီယာပေါ်တွင် တောင်းပန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အော်စကာဆုပေးပွဲ စင်ပေါ်တက်ကာ အစီအစဉ်တင်ဆက်သူကို ဝီစမစ်က ကိုယ်ထိလက်ရောက်ပြုမူစဉ်။

# နိုင်ဂျီးရီးယားမြောက်ပိုင်း၌ ရထားတစ်စင်းကို သေနတ်သမားများတိုက်ခိုက်ခံရမှုမှ နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များ အကာအကွယ်ပေး

**လာဂို့စ် မတ် ၂၉**

နိုင်ဂျီးရီးယားမြောက်ပိုင်း ပြည်နယ်ကာဒူနာ၌ ရထားတစ်စင်းကို သေနတ်သမားများ၏တိုက်ခိုက်မှုမှ နိုင်ဂျီးရီးယားတပ်ဖွဲ့က လုံခြုံရေးရယူပေးခဲ့သည်ဟု သိရသည်။ ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ အချက်အလက်များကို စုဆောင်းဆဲဖြစ်သည်ဟု အစိုးရအရာရှိတစ်ဦးက မတ်၂၈ ရက်နှောင်းပိုင်းတွင် ပြောကြားသည်။

အဘူဂျာမှ ကာဒူနာသို့သွားသည့် ခရီးသည်တင်ရထားကို သေနတ်သမားများက တိုက်ခိုက်ခဲ့သည်ဟူသော သတင်းပို့ချက်များ ရရှိခဲ့သည်ဟု ပြည်တွင်းလုံခြုံရေးကော်မရှင် နာဆမ်မြူရယ်အရူဝန်က ပြောသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံပေါ်သို့ပို့ဆောင်ပေးခဲ့ပြီး အခြားသော ခရီးသည်များကိုလည်း လုံခြုံသောနေရာများသို့ ရွှေ့ပြောင်းပေးခဲ့သည်။

အဆိုပါဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်နေသည်။ စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာခြင်းသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်ဟုဆို

**ဆိုးလ် မတ် ၂၉**

တောင်ကိုရီးယားနိုင်ငံတွင် မတ် ၂၈ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၃၄၇၅၅၄ ဦးတိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၃၅၀၄၂၈ ဦးအထိရှိလာခဲ့ကြောင်း မတ် ၂၉ ရက်တွင် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင်ရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် ပမာဏထက် ၁၈၇၂၁၃ ဦး သိသိသာသာမြင့်တက်ခဲ့ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (ကေဒီစီအေ)က ထုတ်ပြန်ကြေညာလိုက်သည်။

အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေစဉ်မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၆၆၀၇၈ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၈၈၆၉၅ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၁၈၂၆ ဦးမှာ အင်ချွန်မှဖြစ်သည်။

မြို့တော်မဟုတ်သည့် နေရာဒေသများတွင်လည်း ကိုဗစ်-၁၉ ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်သူ ၁၇၃၉၁၄ ဦး သို့မဟုတ် ၅၀ ဒသမ ၀ ရာခိုင်နှုန်းရှိသည်။ ပြည်ပကူးစက်ဖြစ်ပွားသူ ၄၁ ဦးနှင့်အတူ စုစုပေါင်း ပြည်ပကူးစက်ဖြစ်ပွားသူ အရေအတွက် ၃၁၀၀၃ ဦးအထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေခံစားနေရသူ ၁၂၁၅ ဦးရှိပြီး ယခင်ရက်ကထက် ၅၈ ဦး လျော့နည်းခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၂၃၇ ဦး ထပ်မံသေဆုံးပြီး စုစုပေါင်းသေဆုံးသူ ၁၅၄၂၃ဦးအထိရှိလာခဲ့ပြီး သေဆုံးနှုန်း မှာ ၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက်ကာကွယ်ဆေးထိုးနှံမှုများ စတင်ပြုလုပ်ခဲ့သည့် အချိန်မှစကာ ယခုအချိန်ထိ လူပေါင်း ၄၄၉၄၆၇၆၇ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၇ ဒသမ ၆ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးသူပေါင်း ၄၄၄၇၈၅၄၅ ဦး သို့မဟုတ် ၈၆ ဒသမ ၇ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

ထို့အတူ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်းမှာလည်း ၃၂၆၆၇၀၁၈ ဦး သို့မဟုတ် လူဦးရေ၏ ၆၃ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။

**ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးရန် စောင့်ဆိုင်းနေသည်ကိုတွေ့ရစဉ်။


ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းတွင် ကိုဗစ်-၁၉ စစ်ဆေးပေးနေသည်ကို တွေ့ရစဉ်။

## မြို့တော်ဟနွိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်

**ဟနွိုင်း မတ် ၂၉**

ဗီယက်နမ်နိုင်ငံ၏ နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူဦးရေမှာ မတ် ၂၉ ရက်က ၈၈၃၇၈ ဦးအထိ တိုးလာကြောင်း ဖော်ပြခဲ့ပြီး ယမန်နေ့ကထက် ၅၀၀၂ ဦးတိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားသည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများတွင် နိုင်ငံတစ်ဝန်းအစုလိုက် ကူးစက်ဖြစ်ပွားသူ ၆၂ ရှိပြီး အဆိုပါ ကူးစက်ဖြစ်ပွားမှုများတွင် ပြည်ပကူးစက်ဖြစ်ပွားသူ နှစ်ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၈၈၃၇၆ ဦး ပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၃၈၆၄၈၉ ဦးအထိရှိလာခဲ့ပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်းမှာလည်း ၇၁၅၃၈၄၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှု အများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ မြို့တော်ဟနွိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး မတ် ၂၉ ရက်က ကိုဗစ်-၁၉ ကူးစက်သူ ၈၉၉၃ ဦးရှိပြီး ဖူသိုပြည်နယ်မြောက်ပိုင်းမှ ၄၃၀၂ ဦးနှင့် ဘတ်ဂင်ပြည်နယ်မြောက်ပိုင်းမှ ၄၀၄၇ ဦးတို့ဖြစ်ကြသည်။

တစ်ချိန်တည်းမှာပင် ကျန်းမာရေးအာဏာပိုင်များက ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကွမ်နင်ပြည်နယ်နှင့် အလယ်ပိုင်း ဘင်ဒင်ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၃၂၆၂ ဦး ရှိလာခဲ့ကြောင်း ပြောကြားသည်။

နိုင်ငံတစ်ဝန်း အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၈၈ ဒသမ ၃ သန်း အပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်း ၂၀၅ ဒသမ ၅ သန်းကျော်လွန်လာပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု လေးကြိမ်ဖြစ်ပွားခဲ့သည်။ ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉ ဒသမ ၃၈ သန်းရှိသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၆၃ ရက်မြောက် ရှိလာပြီဖြစ်

**နယူးဒေလီ မတ် ၂၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၅၉ ဦး ရှိလာသောကြောင့် မတ် ၂၉ ရက်အထိ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၃ သန်းကျော်လာပြီး ၄၃၀၂၁၉၈၂ ဦး အထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၅ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၅၂၁၀၇၀ အထိရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားလျက်ရှိသူ ၁၅၃၇၈ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၈၁ ဦးအထိ လျော့နည်းလာခဲ့သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၆၃ ရက်မြောက် ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၄၂၄၈၅၃၃၄ ဦးရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၇၀၅ ဦးရှိသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးရန် ထောင်ပေါင်းများစွာသော ပြည်သူများ တန်းစီစောင့်ဆိုင်း

**ဒါကာ မတ် ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးရန် ထောင်ပေါင်း များစွာသော ပြည်သူများ တန်းစီစောင့်ဆိုင်းလျက်ရှိသည်။


ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် တန်းစီစောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

ဘင်္ဂလားဒေ့ရှ်အစိုးရက မတ် ၂၈ ရက်က ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရန်အတွက် အကြီးမားဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားမှုကို စတင်ခဲ့သည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို မတ် ၃၀ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဇာဟစ်မာလစ်က ပြောကြားလိုက်သည်။

အဆိုပါ ကာကွယ်ဆေးထိုးလှုပ်ရှား ဆောင်ရွက်မှုအတွင်း လူပေါင်း ၂၂ ဒသမ ၅ သန်း ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်မည်ဖြစ်သည်။

**ဆင်ဟွာ**

## မလေးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၅၂၂၀၃ ဦးအထိရှိလာ

**ကွာလာလမ်ပူ မတ် ၂၉**

မလေးရှားနိုင်ငံ၌ မတ် ၂၈ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၃၃၆ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၅၂၂၀၃ ဦး အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

အဆိုပါ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၁၈၉ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၃၁၄၇ ဦးမှာ ပြည်တွင်းကူးစက်မှု ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကြောင့်နောက်ထပ် ၅၄ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၄၈၄၂ ဦး အထိရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ၂၅၅၂ ဦး ပြန်လည်ကျန်းမာလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကျန်းမာလာသူပေါင်း ၃၈၉၆၄၈၉ ဦးအထိရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားနေသူ ၂၂၀၈၇၂ ဦးရှိပြီး ၎င်းတို့အနက် ၂၈၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိကာ ၁၈၅ ဦးမှာ အသက်ရှူအထောက်အကူ ကိရိယာလိုအပ်လျက်ရှိကြောင်း သိရသည်။

မတ် ၂၈ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးပြီးသူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အပြည့်အဝ ကာကွယ်ဆေးထိုးပြီးသူ ၇၉ ရာခိုင်နှုန်းရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၄၈ ရာခိုင်နှုန်းရှိသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်၊ တာလီဘန်နှင့် အမျိုးသမီးအခွင့်အရေးဆုံးရှုံးမှုများ

နှင်းမိုးအိမ်

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်များက အမျိုးသမီးအလယ်တန်းကျောင်းကို ပိတ်ပစ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယခုတစ်ဖန် အမျိုးသမီးများ လေယာဉ်စီးရာတွင်လည်း ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့သည်။

**လေယာဉ်စီးနင်းခွင့်မရှိ**

အမျိုးသမီးတစ်ဦးသည် ၎င်း၏ အမျိုးသား ဆွေမျိုးသားချင်း တစ်ဦးဦးမပါဘဲ လေယာဉ်စီးနင်းခွင့်မရှိဟု တာလီဘန်တို့က အမိန့်ထုတ်ခဲ့ကြောင်း လေကြောင်းအရာရှိများက အေအက်ဖ်ပီသို့ပြောသည်။ ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း တာလီဘန်တို့ အာဖဂန်နစ္စတန်ကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် အမျိုးသမီးအလယ်တန်းကျောင်းများကို ဖွင့်လှစ်ရန် မကြာသေးမီက ခွင့်ပြုပေးခဲ့သည်။ သို့သော်လည်း နာရီအနည်းငယ်အကြာတွင် ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်ခဲ့ပြီး အမျိုးသမီးအလယ်တန်းကျောင်းများကို ပိတ်ပစ်ခဲ့သည်။

**အမျိုးသမီးများတစ်ဦးတည်း ခရီးထွက်ခွာခွင့်ကိုပိတ်ပင်**

မတ် ၂၃ ရက်တွင် အမျိုးသမီးအလယ်တန်းကျောင်းများကိုပိတ်ပစ်ရန် ကြေညာခဲ့သည်။ အမျိုးသမီးများတစ်ဦးတည်း ခရီးထွက်ခွာခွင့်ကို ပိတ်ပင်ရန် တာလီဘန်တို့က အမိန့်ထုတ်ခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ အရီယာနာလေကြောင်းလိုင်းနှင့် ခမ်လေကြောင်းလိုင်းတို့မှ အရာရှိနှစ်ဦးက မတ်လ ၂၇ ရက်တွင် ပြောကြားခဲ့သည်။ တာလီဘန်ကိုယ်စားလှယ်များ မတ် ၂၄ ရက်တွင် အစည်းအဝေးပြုလုပ်ပြီးနောက် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်လေကြောင်းလိုင်းနှစ်ခုနှင့် လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားခဲ့သည်။

**ကန့်သတ်ချုပ်ချယ်မှုများစွာပြုလုပ်**

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်များ အာဏာရရှိလာသည့်အချိန်မှစတင်ကာ အမျိုးသမီးများ၏ လွတ်လပ်ခွင့်ပေါ်တွင် ကန့်သတ်ချုပ်ချယ်မှုများစွာပြုလုပ်ခဲ့သည်။ အမျိုးသမီးများ တစ်ဦးတည်း လေယာဉ်စီးခွင့်ကို ပိတ်ပင်သည့် တိုက်ရိုက်ညွှန်ကြားချက်မျိုး ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သန့်စင်ရေးနှင့် ကာကွယ်တားဆီးရေးဝန်ကြီးဌာနက ပြောသည်။ သို့သော်လည်း အာရီယာနာ အာဖဂန်လေကြောင်းလိုင်းမှ အဆင့်မြင့်အရာရှိတစ်ဦး၏ ပြောကြားချက်အရ ၎င်းတို့ လေကြောင်းလိုင်းမှာ တာဝန်ရှိသူများနှင့် တာလီဘန်တို့ အစည်းအဝေးပြုလုပ်စဉ်အတွင်း ယင်းကိစ္စကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

**လက်မှတ်ရောင်းချခြင်းကိုရပ်တန့်ထား**

အမျိုးသားဆွေမျိုးတစ်ဦးဦး လိုက်ပါလာခြင်း မရှိဘဲ မည်သည့်အမျိုးသမီးမှ ပြည်တွင်းပြည်ပ လေကြောင်းလိုင်းများတွင် စီးနင်းလိုက်ပါခွင့်ရမည် မဟုတ်ဟု စာတွင် ရေးသားဖော်ပြထားသည်။ အေအက်ဖ်ပီက စုံစမ်းမေးမြန်းထားသော ခရီးသွားအေဂျင်စီနှစ်ခုကလည်း တစ်ဦးတည်းခရီးသွားမည့် အမျိုးသမီးများကို လက်မှတ်ရောင်းချခြင်းကို ရပ်တန့်ထားသည်ဟု ဖြေကြားခဲ့သည်။

**လေယာဉ်ပေါ်သို့တက်ခွင့်မပေး**

ခမ်လေကြောင်းလိုင်းကလည်း မတ် ၂၅ ရက်တွင် ကဘူးလ်မှ အစ္စလာမ္မာဘတ်သို့သွားမည့် လေကြောင်း ခရီးစဉ်တွင် အမျိုးသားဆွေမျိုးမပါဘဲ ခရီးသွားမည့်အမျိုးသမီးအချို့ကို လေယာဉ်ပေါ်သို့ တက်ခွင့်မပေးကြောင်း ခရီးသည်တစ်ဦးက အေအက်ဖ်ပီသို့ ပြောသည်။ အမေရိကန်ပတ်စ်ပို့စ် ကိုင်ဆောင်ထားသည့် အမျိုးသမီးတစ်ဦးသာ မတ် ၂၅ ရက်က ဒူဘိုင်းသို့ပျံသန်းမည့် ခရီးစဉ်တွင် လိုက်ပါခွင့် ရရှိခဲ့ကြောင်း နောက်ထပ်သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။



၂၀၁၇ ခုနှစ်က ဟာမစ်ကာဇိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမျိုးသမီး ခရီးသွားများကို တွေ့ရစဉ်။

- ❒ **အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်များ အာဏာရရှိလာသည့်အချိန်မှစတင်ကာ အမျိုးသမီးများ၏ လွတ်လပ်ခွင့်ပေါ်တွင် ကန့်သတ်ချုပ်ချယ်မှုများစွာ ပြုလုပ်ခဲ့သည်**
- ❒ **အမျိုးသမီးများသည် အလယ်တန်းပညာရေးကို သင်ယူခွင့်မရရုံသာမက အစိုးရဌာနများတွင်လည်း ၎င်းတို့၏ အလုပ်အကိုင်များမှ နုတ်ထွက်ရန် ဖိအားပေးခံနေရသည်**

**ယခင်အခြေအနေသို့ပြန်ရောက်**

တစ်ဦးတည်း ခရီးသွားသည့် အမျိုးသမီးများ မြို့တွင်းလမ်းများသို့ ဝင်ရောက်ခွင့်ကိုလည်း တာလီဘန်များက ပိတ်ပင်ထားပြီးဖြစ်သည်။ ယခုကာလမတိုင်မီအချိန်ကမူ အမျိုးသမီးများသည် လွတ်လပ်စွာ လေယာဉ်စီးနင်းခွင့်ရရှိထားသည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းမှစတင်ကာ အာဖဂန်အမျိုးသမီးများ၏ ဘဝမှာ ဆယ်စုနှစ်နှစ်စုစာလောက်က အခြေအနေသို့ ပြန်လည်ရောက်ရှိသွားခဲ့ရသည်။ တာလီဘန်တို့သည် တင်းကျပ်သည့် စည်းကမ်းများကို ပျော့ပျောင်းသော နည်းလမ်းများအသွင်ပြောင်းကာ အုပ်ချုပ်သွားမည်ဟု ကတိပြုထားခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ တာလီဘန်တို့ အုပ်ချုပ်ခဲ့စဉ်က တင်းကျပ်သည့် ဥပဒေများဖြင့် အုပ်ချုပ်ခဲ့သည်။

**ဖိအားပေးခံရ**

အမျိုးသမီးများသည် အလယ်တန်းပညာရေးကို သင်ယူခွင့်မရရုံသာမက အစိုးရဌာနများတွင်လည်း ၎င်းတို့၏ အလုပ်အကိုင်များမှ နုတ်ထွက်ရန် ဖိအားပေးခံနေရသည်။ အမျိုးသမီးများဝတ်စားဆင်ယင်မှုမှအစ တင်းကျပ်သည့် စည်းကမ်းများအတိုင်း ဝတ်ဆင်စေခဲ့သည်။ အမျိုးသမီးများ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍လည်း တာလီဘန်တို့သည် အာဖဂန်ရုပ်သံများတွင် အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးဂျာနယ်လစ်များ ဟီဂျပ်ဝတ်ဆင်ရန် အမိန့်ထုတ်ခဲ့ပြီး နိုင်ငံခြားရုပ်သံများပြသခြင်းကို ရပ်တန့်ရန်လည်း ရုပ်သံလွှင့်ဌာနများ ကို အမိန့်ပေးခဲ့သည်။

**နေအိမ်သို့သာပြန်ခဲ့ရ**

မတ် ၂၃ ရက်က စာသင်ကျောင်းများ ပြန်ဖွင့်ပြီဆိုသဖြင့် အမျိုးသမီး ထောင်ပေါင်းများစွာတို့သည် စာသင်ကျောင်းသို့ လာခဲ့ကြသည်။ သို့သော်လည်း နာရီအနည်းငယ်အတွင်း ကျောင်းများပြန်ပိတ်ခဲ့သည့်အတွက် နေအိမ်သို့သာ ပြန်ခဲ့ကြရသည်။ ယင်းဖြစ်ရပ်အတွက် တာလီဘန်တို့သည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများကြားတွင် ပြင်းထန်သည့် ဝေဖန်မှုမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်းတို့၏ မူဝါဒကို ဘာကြောင့် ပြန်ပြောင်းလိုက်ရသလဲဆိုသည်ကိုမူ ယခုအချိန်အထိတိုင် အာဏာပိုင်များက ဖြေရှင်းချက်မပေးခဲ့ပေ။

**ရှုတ်ချခဲ့**

မိန်းကလေးကျောင်းကို ပြန်ပိတ်ရန် ဆုံးဖြတ်ခဲ့သည့်အတွက် အမေရိကန်အပါအဝင် အခြားသော အနောက်နိုင်ငံများက တာလီဘန်တို့ကို ရှုတ်ချခဲ့သည်။ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ အီတလီ၊ နော်ဝေနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ ပူးတွဲထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်။

**သတိပေးခဲ့**

ယခုကဲ့သို့ အပြုအမူကြောင့် တာလီဘန်တို့ လိုလားလျက်ရှိသည့် တရားဝင်အဖွဲ့အစည်းဖြစ်ရန် ရည်မှန်းချက်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် လေးစားဖွယ် အဖွဲ့ဝင်ဖြစ်လာစေရန် ရည်မှန်းချက်ကို ထိခိုက်စေလိမ့်မည်ဟုလည်း သတိပေးခဲ့သည်။ ထို့ပြင် တာလီဘန်တို့ နိုင်ငံရေးအရ ထောက်ခံမှုရရှိရန်နှင့် ပြည်တွင်းပြည်ပတွင် တရားဝင်အသိအမှတ်ပြုခံရမှုတို့အတွက်လည်း ဆိုးကျိုးများဖြစ်ပေါ်လာစေနိုင်သည်ဟု အနောက်နိုင်ငံများက သတိပေးခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ**

**ယခုကဲ့သို့ အပြုအမူကြောင့် တာလီဘန်တို့လိုလားလျက်ရှိသည့် တရားဝင်အဖွဲ့အစည်းဖြစ်ရန် ရည်မှန်းချက်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် လေးစားဖွယ်အဖွဲ့ဝင်ဖြစ်လာစေရန် ရည်မှန်းချက်ကို ထိခိုက်စေလိမ့်မည်ဟုလည်း သတိပေးခဲ့သည်။ ထို့ပြင် တာလီဘန်တို့ နိုင်ငံရေးအရ ထောက်ခံမှုရရှိရန်နှင့် ပြည်တွင်းပြည်ပတွင် တရားဝင်အသိအမှတ်ပြုခံရမှုတို့အတွက်လည်း ဆိုးကျိုးများဖြစ်ပေါ်လာစေနိုင်**

# မတ် ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

**(၂၉–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၄၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၆၂၇,၇၉၃) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၁,၂၇၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၆၀) ဦးနှင့် (၁၀–၂–၂၀၂၂) ရက်နေ့မှ (၂၉–၃–၂၀၂၂) ရက်နေ့အထိ နေအိမ်တွင်သီးခြားထားရှိရာမှ ပြန်လည်ကောင်းမွန်လာသူ (၁၉,၃၉၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၈၈,၆၇၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၉–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၄၈) ခု | (၉၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၇) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၁) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၄) ခု | (၁၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၆၉) ခု | (၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၅၉) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၅၉၁) ခု | (၇၉) ဦး |
| စုစုပေါင်း | (၁၃,၄၅၉) ခု | (၂၅၄) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်း အပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၉ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၆၅၈၉၇၃ | ၆၄၆၈၃၁၆၉ | ၁၀၀၄၂၄၄ |
| ၂။ | အိန္ဒိယ | ၄၃၀၂၁၉၈၂ | ၄၂၄၈၅၅၃၄ | ၅၂၁၀၉၈ |
| ၃။ | ဘရာဇီး | ၂၉၈၅၂၃၄၁ | ၂၈၅၅၀၃၁၁ | ၆၅၉၀၁၂ |
| ၄။ | ပြင်သစ် | ၂၅၀၅၉၀၂၈ | ၂၃၀၂၃၂၀၀ | ၁၄၁၈၂၁ |
| ၅။ | ဗြိတိန် | ၂၀၉၀၅၅၁၅ | ၁၈၉၀၃၇၃၃ | ၁၆၄၆၇၁ |
| ၆။ | ဂျာမနီ | ၂၀၄၆၅၀၇၂ | ၁၆၀၉၂၉၀၀ | ၁၂၉၁၀၆ |
| ၇။ | ရုရှား | ၁၇၈၀၃၅၀၃ | ၁၆၇၃၇၂၀၆ | ၃၆၈၀၂၅ |
| ၈။ | တူရကီ | ၁၄၈၁၅၀၄၁ | ၁၄၄၇၅၃၈၃ | ၉၇၈၆၁ |
| ၉။ | အီတလီ | ၁၄၃၉၆၂၈၃ | ၁၂၉၈၃၃၅၀ | ၁၅၈၈၇၇ |
| ၁၀။ | တောင်ကိုရီးယား | ၁၂၃၅၀၄၂၈ | စိစစ်ဆဲ | ၁၅၄၂၃ |

## ၂၉-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၉၂၇၄၈၄၉ | ၅၄၇၄၇၀၈ | ၄၂၃၅၈ |
| အင်ဒိုနီးရှား | ၆၀၀၅၆၄၆ | ၅၇၃၅၀၅၅ | ၁၅၄၈၈၂ |
| မလေးရှား | ၄၁၅၂၂၀၃ | ၃၈၉၆၄၈၉ | ၃၄၈၄၂ |
| ဖိလစ်ပိုင် | ၃၆၇၇၆၁၆ | ၃၅၇၇၄၃၃ | ၅၉၀၃၈ |
| ထိုင်း | ၃၅၇၅၃၉၈ | ၃၃၀၅၂၈၆ | ၂၄၉၆၁ |
| စင်ကာပူ | ၁၀၇၆၉၃၀ | ၁၀၂၅၅၇၈ | ၁၂၅၄ |
| မြန်မာ | ၆၁၁၂၇၅ | ၅၈၈၆၇၀ | ၁၉၄၃၀ |
| လာအို | ၁၇၁၄၃၉ | ၁၅၁၁၆၃ | ၆၆၃ |
| ကမ္ဘောဒီးယား | ၁၃၅၅၅၂ | ၁၃၁၅၂၇ | ၃၀၅၄ |
| ဘရူနိုင်း | ၁၃၂၉၈၁ | ၁၂၆၇၆၀ | ၂၀၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# ၂၄-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

*ယမန်နေ့မှအဆက်*

နေပြည်တော် အွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာ **ဦးမင်းမောင်**က နိုင်ငံတစ်နိုင်ငံတိုးတက်ရန်အတွက် အရေးကြီးဆုံးကိစ္စရပ်များအနက် တစ်ခုဖြစ်သည့် စွမ်းအင်ကိစ္စရပ်ကို ရေရှည်စီမံကိန်း၊ ရေတိုစီမံကိန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို အသေးစိတ်သိရှိလိုကြောင်း မေးမြန်းသည်။

**လျှပ်စစ်မီးကိစ္စ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လျှပ်စစ်မီးကိစ္စနှင့်ပတ်သက်၍ ပြည်သူ၊ လူထု၏ ပြောသံဆိုသံ၊ ပွဲတင်သံများကို မိမိတို့ ကြားသိရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်းသိပါကြောင်း၊ ကြားလည်း ကြားပါကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မေးမြန်းချက်များ၊ သက်ဆိုင်ရာကြိုးပမ်းဆောင်ရွက်နေသူများနှင့် မေးမြန်းချက်များနှင့် မိမိတို့ဆောင်ရွက်နေမှုအပေါ် အခြေခံ၍ ဖြေကြားသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဖြေကြားရာတွင် ယခုသတင်းစာရှင်းလင်းပွဲကိုကြည့်ရှုနေသည့် ပြည်သူလူထုများနှင့် သတင်းစာရှင်းလင်းပွဲတွင် မေးမြန်းသည့် မီဒီယာများအားလုံးကို သိစေလိုသည်မှာ မိမိတို့ အမှန်တကယ်လုပ်ဆောင်နေသည့် လုပ်ဆောင်ချက်များကို တင်ပြခြင်းဖြစ်ကြောင်း၊ မီးမလာသဖြင့် အစိုးရတွင် တာဝန်မရှိ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်မရှိဟု လွှဲချနေခြင်းမဟုတ်သည်ကို ဦးစွာပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ လက်ရှိထုတ်လုပ်နိုင်သည့် ပမာဏအရ လိုအပ်ချက်နှင့်အညီ သုံးစွဲနိုင်ရန်အတွက် ဝန်အားထိန်းညှိခြင်း၊ လျှော့ချခြင်းများကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ အချိန်ပိုင်းအလိုက် နေရာအလိုက် လျှော့ချခွဲဝေဖြန့်ဖြူးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လွှတ်နိုင်ရေး စီမံဆောင်ရွက်မှုအနေဖြင့် ကျောက်ဖြူဒေသ၌ လက်ရှိကာလတွင် ရရှိထားသည့် ရွှေဓာတ်ငွေ့ ကုဗပေ သန်း ၂၀ ကို အသုံးပြု၍ စုစုပေါင်းလျှပ်စစ်ဓာတ်အား ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်ထားပြီးဖြစ်ကြောင်း၊ ဓာတ်ငွေ့ပိုက်လိုင်းတိုးချဲ့ပြုပြင်ရေး ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက တစ်ရက်လျှင် ကုဗပေ သန်း ၃၀ တိုးချဲ့ဖြန့်ဖြူး၍ ၁၈၅ မဂ္ဂါဝပ် ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ လက်ရှိတည်ဆောက်နေသည့် ၁၃၅ မဂ္ဂါဝပ် ကျောက်ဖြူသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကိုလည်း ဆောလျင်စွာပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းပြီးစီးပါက လက်ရှိဖြစ်ပေါ်နေသည့် ယာယီဓာတ်အားလျော့နည်းနေမှုကို ဖြေရှင်းနိုင်မည့်အပြင် ထပ်မံလိုအပ်လာမည့်ဓာတ်အားကိုလည်း ပြန်လည်ဖြည့်တင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ထိုနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း၊ ထို့အပြင် စွမ်းအင်အရင်းအမြစ်မျိုးစုံ လိုအပ်လျက်ရှိသည့်အတွက် လျှပ်စစ်ဓာတ်အား အမြန်ဆုံး ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အနေဖြင့် ၄၀ မဂ္ဂါဝပ်ထွက်ရှိမည့် လက်ပန်လှစီမံကိန်းနှင့် ၃၀ မဂ္ဂါဝပ်ထွက်ရှိမည့် ညောင်ပင်ကြီးစီမံကိန်းတို့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုစီမံကိန်းများ၏ တည်ဆောက်ရေးလုပ်ငန်းများ ထက်ဝက်ကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ ဆိုလာလျှပ်စစ်နှင့်ပတ်သက်ပြီး ယခင်အစိုးရလက်ထက်က ခွင့်ပြုခဲ့သည့် စီမံကိန်းများရှိကြောင်း၊ သို့သော် ထိုစီမံကိန်းများကို စာချုပ်ချုပ်ဆိုရာတွင် မတိကျမသေချာခဲ့သောကြောင့် ဆက်လက်မလုပ်ဆောင်နိုင်သည့် စီမံကိန်းများရှိကြောင်း၊ ယခုလက်ရှိအစိုးရအနေဖြင့် တွန်းအားပေးကူညီပံ့ပိုး၍ လုပ်ဆောင်နေသည်များလည်းရှိကြောင်း၊ ယင်းနေအားလျှပ်စစ်စီမံကိန်းတွင် ၆၃၅ မဂ္ဂါဝပ်ထွက်ရှိမည့်စီမံကိန်း ၁၈ ခုကို တင်ဒါခေါ်ဆိုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၃၀ မဂ္ဂါဝပ်ထွက်ရှိမည့် စီမံကိန်း ၁၁ ခုမှာ တင်ဒါခေါ်ဆိုခြင်းပြီးစီးပြီဖြစ်သောကြောင့် ဓာတ်အားဝယ်ယူရေး စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရေအားလျှပ်စစ်နှင့်ပတ်သက်၍ ပြောရမည်ဆိုပါက တာပိန် ၁ ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား ၁၂၀ မဂ္ဂါဝပ်ကို ဝယ်ယူနိုင်ရေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘီလူးချောင်းမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ၂၂၀ မဂ္ဂါဝပ်ကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ပြန်လည်ပို့လွှတ်နိုင်ရေးအတွက် ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်း ၃ လိုင်း၏ တာဝါတိုင် ၂၂ တိုင်ကို ပြင်ဆင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ထိုလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများ အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် မေလတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ခြင်းမရှိသော်လည်း ယခုထက် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်သကဲ့သို့ ဝန်အားလျှော့ချခြင်းကိုလည်း အနည်းငယ်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ LNG ဈေးနှုန်း ကျဆင်းချိန်တွင် ရပ်နားထားသည့် LNG ဓာတ်အားပေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရေရှည်အနေဖြင့် အလယ်ပေါင်းလောင်းလျှပ်စစ်စီမံကိန်း၊ အထက်ရဲရွာလျှပ်စစ်စီမံကိန်း၊ သူငွေးလျှပ်စစ်စီမံကိန်းတို့အပြင် အခြားရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် လျှပ်စစ်မီးကို အချိန်နှင့်ပေးသည့်ကိစ္စနှင့်ပတ်သက်၍ ပြည်သူလူထု၏ အကြံပြုချက်များနှင့် စကားသံများကိုကြားသိရကြောင်း၊ ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အားဖြတ်တောက်ခြင်းကို မည်သူမျှမလိုလားကြောင်း၊ မလွှဲသာ၍ ဖြတ်တောက်မည်ဆိုပါက ဖြတ်တောက်မည့်အချိန်အတိအကျကို သိလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထမင်းဟင်းချက်ပြုတ်ရာတွင် လျှပ်စစ်မီးဖြတ်တောက်မည့်အချိန်ကို မသိရှိရသဖြင့် ထမင်းအိုးပျက်စီးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဖြစ်မည်ကို စိုးရိမ်သဖြင့် တိကျသည့်အချိန်ကို လိုချင်ကြောင်း၊ မနက်မည်သည့်အချိန်မှ မည်သည့်အချိန်ထိ မီးပျက်မည်၊ မည်သည့်အချိန်တွင် မီးလာမည်၊ ညမည်သည့်အချိန်မှ မည်သည့်အချိန်ထိ မီးပျက်မည်၊ မည်သည့်အချိန်တွင် မီးလာမည်ကို ၎င်းတို့က တိတိကျကျ သိလိုကြောင်း၊ ထိုကဲ့သို့အချိန်အတိအကျဖြစ်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ပြည်သူများအား အချိန်တိကျစွာ ထုတ်ပြန်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။



(၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

**နေပြည်တော်အွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်**က လောင်စာဆီဈေးနှုန်းများ လျှော့ကျနိုင်ရေးအတွက် ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်လုပ်ဆောင်မှုအခြေအနေများနှင့် ရေရှည်စီမံကိန်း၊ ရေတိုစီမံကိန်းများဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို ပြည်သူများ သိရှိစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အသေးစိတ်ရှင်းလင်းပေးစေလိုကြောင်း မေးမြန်းသည်။

**စက်သုံးဆီဈေးနှုန်း**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စက်သုံးဆီဈေးနှုန်းမြင့်တက်မှုမှာ ကမ္ဘာ့ရေနံဈေးနှုန်းနှင့်လည်း သက်ဆိုင်ကြောင်း၊ တစ်ကမ္ဘာလုံး၌လည်း ဈေးနှုန်းတက်နေကြောင်း၊ ယင်းသို့ပြောဆိုရာတွင် ဈေးနှုန်းနှိုင်းယှဉ်ချက်များရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဈေးနှုန်းနှင့် အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဈေးနှုန်းထက် မြင့်မားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အမေရိကန်တွင် တစ်ဂါလန်ဈေးနှုန်းအနေဖြင့် မည်မျှရှိနေပြီဖြစ်ကြောင်း စသည်ဖြင့် ပြောဆို၍ရကြောင်း၊ ပြောလည်းပြောနိုင်ကြောင်း၊ သို့သော် ၎င်းတို့နိုင်ငံရှိ လူတစ်ဦးချင်းစီ၏ဝင်ငွေနှင့် မိမိတို့နိုင်ငံရှိ လူတစ်ဦးချင်းစီ၏ ဝင်ငွေမတူညီကြောင်း၊ မိမိတို့နိုင်ငံမှာ လူတစ်ဦးချင်းစီ၏ ဝင်ငွေလျော့နည်းသည့် နိုင်ငံဖြစ်သောကြောင့် အကျိုးသက်ရောက်မှုအပေါ် ခံစားရမှုခြင်း မတူညီကြောင်း၊ အကောင်ကြီးကြီးကို တုတ်ဖြင့်ရိုက်ခြင်းမှာ သိပ်ပြဿနာမရှိသော်လည်း အကောင်သေးသေးကို တုတ်ဖြင့်ရိုက်ပါက အကောင်သေးသေးက ပို၍ခံစားရကြောင်း၊ မိမိတို့လုပ်ဆောင်နေသည့် လုပ်ဆောင်ချက်များကိုသာ ပြောမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်အရ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ဥပဒေနှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လွတ်လပ်စွာဆောင်ရွက် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဌာနအနေဖြင့် ဈေးနှုန်း၊ သယ်ယူစရိတ်နှင့် အာမခံကြေး၊ အခွန်အခနှင့် ကုန်ကျမှုစရိတ်ပေါင်း၍ စက်သုံးဆီအမျိုးအစားတစ်မျိုးချင်းအလိုက် ဖြစ်သင့်ဖြစ်ထိုက်သည့် ရည်ညွှန်းစက်သုံးဆီဈေးနှုန်းကို နေ့စဉ်စိစစ်တွက်ချက် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များ အနေဖြင့်လည်း ယင်းရည်ညွှန်းဈေးနှုန်းများအပေါ်တွင် အခြေခံ၍ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ရောင်းချစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း ထပ်မံကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စက်သုံးဆီလုပ်ငန်းရှင်များအနေဖြင့် အမြတ်ရာခိုင်နှုန်းလျှော့ယူရန်နှင့် ဈေးနှုန်းတွက်ချက်သည့်အခါတွင် မဖြစ်မနေ ထည့်သွင်းတွက်ချက်ရမည့် စရိတ်စကများမှအပ အခြားလျှော့ချနိုင်သည့် စရိတ်စကများကို လျှော့ချနိုင်ရန်နှင့် အနည်းဆုံးဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်းငွေလဲလှယ်နှုန်းနှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက ဈေးနှုန်း လျှော့ကျစေရေးအတွက် အထိုက်အလျောက်ထောက်ပံ့ပေးနိုင်ရန် စက်သုံးဆီကဏ္ဍကို ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာများ ရောင်းချပေးပြီး ပြည်သူများအတွက် စက်သုံးဆီများကို သက်သာသည့် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခွဲဝေပေးလျက်ရှိကြောင်း၊ ဝယ်ယူခွင့်ရရှိသည့် လုပ်ငန်းရှင်များ၏ အရောင်းဆိုင်များကိုလည်း သက်သာသောဈေးနှုန်းဖြင့် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရေနံနှင့်စက်သုံးဆီများကို သက်သာသည့်ဈေးနှုန်းများဖြင့် တင်သွင်းခွင့်ရရှိရေး ရရှိနိုင်သည့်နိုင်ငံများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကိစ္စမှာ မဖြစ်ပေါ်သေးခင် ပြော၍ရသည့်ကိစ္စ မဟုတ်သည့်အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဖြစ်အောင်လုပ်မည်ဖြစ်ကြောင်းကိုသာ ပြောကြားလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Golden Hand သတင်းဌာနမှ သတင်းထောက် ဦးမြင့်ဇော်ထွန်း**က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အသနားခံစာများ၊ တိုင်ကြားစာများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် မည်မျှကျန်သည်ကို သိလိုကြောင်းနှင့် အသနားခံစာတိုင်ကြားသည့် ကာယကံရှင်အား ခေါ်ယူပြီး စစ်ဆေးမေးမြန်းခြင်း ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၁၇ သို့*

> “မနက်မည်သည့်အချိန်မှ မည်သည့်အချိန်ထိ မီးပျက်မည်၊ မည်သည့်အချိန်တွင် မီးလာမည်၊ ညမည်သည့်အချိန်မှ မည်သည့်အချိန်ထိ မီးပျက်မည်၊ မည်သည့်အချိန်တွင် မီးလာမည်ကို ၎င်းတို့က တိတိကျကျ သိလိုကြောင်း၊ ထိုကဲ့သို့ အချိန်အတိအကျဖြစ်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်သူများအား အချိန်တိကျစွာထုတ်ပြန်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ ”

*စာမျက်နှာ ၁၆ မှ*

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်ပြီး အသနားခံစာများ၊ တိုင်ကြားစာများရှိကြောင်း၊ အရေအတွက်ကို မိမိတို့ မသိကြောင်း၊ အဓိကအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကိုသာ တိုင်ကြားစာများ ရောက်ရှိခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စများကို စုံစမ်းစစ်ဆေးရန် ညွှန်ကြားထားကြောင်း၊ တိုင်စာများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရမည်ဆိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင် ပြန်လည်လုပ်ဆောင်ပေးရန် ညွှန်ကြားထားကြောင်း ပြန်လည်ဖြေကြားသည်။

**ကျူးကျော်ကိစ္စ**

**Golden Hand သတင်းဌာနမှ သတင်းထောက် ဦးမြင့်ဇော်ထွန်း**က ကျူးကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းခန့်ကစပြီး ယခုအချိန်ထိ ကျူးကျော်များကို ရှင်းလင်းခြင်းများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ စတင်ရှင်းလင်းခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ လမ်းမကြီးများနှင့် ပေ ၅၀၊ ၇၅ ပေ အကွာအဝေးအတွင်းရှိ လမ်းဘေးဝဲယာမှ မလွတ်သည့်နေရာများကို ရှင်းလင်းကြောင်း၊ အဆိုပါကျူးကျော်အိမ်များကို ယခင်အာဏာပိုင်အဖွဲ့အစည်းများက တားမြစ်ခဲ့ခြင်း ရှိ/မရှိ သိလိုကြောင်း၊ ပြည် – ရွှေတောင်၊ မိုင်တိုင် ၁၇၀ အနီးရှိဘဏ်တစ်ခုဆိုလျှင် လမ်းဘေးတွင်ထီးတည်းချည်း ကျန်ရှိနေကြောင်း၊ ဘဏ်ဆိုသည်မှာ တော်ရုံတည်ဆောက်ထားခြင်း မဟုတ်ကြောင်း၊ အဆိုပါ ဘဏ်ကဲ့သို့သော အဆောက်အဦများ ဆောက်လုပ်မည်ဆိုပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံမှ ခွင့်ပြုချက်များ ရယူရကြောင်း၊ ခွင့်ပြုချက်မရရှိပါက ဆောက်လုပ်၍မရကြောင်း၊ ဥပဒေမညီ၊ ဆောက်လုပ်ရန် မသင့်တော်ပါက ထိုစဉ်ကပင် သက်ဆိုင်ရာက တားမြစ်ခဲ့ခြင်း ရှိ/မရှိ သိလိုကြောင်းနှင့် ထိုအဆောက်အဦဆောက်လုပ်စဉ် ခွင့်ပြုခဲ့သည့် အဖွဲ့အစည်းများကို အရေးယူခြင်းရှိ/မရှိ သိလိုကြောင်း၊ တချို့ကျူးကျော်ရှင်းလင်းသည့်နေရာများတွင် သတ်မှတ်သည့်ပေထက်ပိုပြီး ရှင်းလင်းခဲ့ခြင်းများရှိကြောင်း၊ နစ်နာသူများလည်းရှိကြောင်း၊ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများက ကြိုတင်အသိပေးထားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သည့်အတွက် ထိုကိစ္စများကို ဖြေရှင်းပေးရန် ရှိ၊ မရှိနှင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးသွားမည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကျူးကျော်သည့်ကိစ္စနှင့် ပတ်သက်ပြီး မိမိတို့ ဆောင်ရွက်ထားကြောင်း၊ အဓိကဆောင်ရွက်ရသည့်ရည်ရွယ်ချက်မှာ တရားဥပဒေ စိုးမိုးရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျူးကျော်နေရာများကို တရားဥပဒေနှင့်ပတ်သက်ပြီး ထိခိုက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ရှင်းလင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအစိုးရမဟုတ်သည့်အတွက် ရှင်းရဲခြင်းဖြစ်ကြောင်း၊ မဲပေးပြီး တက်လာသည့်အစိုးရတိုင်းသည် ကျူးကျော်နှင့်ပတ်သက်လာလျှင် အကုန်လက်ရှောင်ကြောင်း၊ ထိုကိစ္စအတွက် ၎င်းတို့ကို အပြစ်ပြော၍ မရကြောင်း၊ ၎င်းတို့မှာ ရွေးကောက်ပွဲအတွက် မဲဆွယ်ရမည်ဖြစ်သောကြောင့်ဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်သည့်အတွက် တရားဥပဒေစိုးမိုးရေးကို အလေးပေး၍ ရှင်းလင်းခြင်းဖြစ်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး မြို့နယ်အလိုက် အသေးစိတ်ဖြေဆိုနိုင်ခြင်းမရှိကြောင်း၊ ဖြစ်စဉ်များကြည့်ပြီးသာ ဖြေဆိုမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

**Sky Net သတင်းဌာနမှ သတင်းထောက် ကိုသွင်ထူးအောင်**က အာဆီယံအထူးကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် မည်သည့်ထူးခြားချက်များရှိခဲ့သည်ကို သိလိုကြောင်းနှင့် မည်သည့်ကိစ္စများဆွေးနွေးခဲ့သည်ကို သိလိုကြောင်း၊ ထို့အပြင် အာဆီယံအထူးကိုယ်စားလှယ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တို့တွေ့ဆုံစဉ် အာဆီယံဘုံသဘောတူညီချက် (၅)ချက်ကိုဖော်ဆောင်ရာ၌ မြန်မာဦးဆောင်သည့် မြန်မာ့လုပ်ငန်းစဉ်ဖြစ်ရမည်ဟု ပြောကြားခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ မြန်မာ့လုပ်ငန်းစဉ်ဟူသည့် ခေါင်းစဉ်အောက်၌ မည်သည့်အချက်နှင့် မည်ကဲ့သို့သော အဓိပ္ပာယ်များပါဝင်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အာဆီယံအထူးကိုယ်စားလှယ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးရာတွင် အကြမ်းဖက်မှုများ ရပ်တန့်စေရေးကိစ္စရပ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို အဓိက အလေးပေး၍ အချိန်ယူဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် အာဆီယံအထူးကိုယ်စားလှယ်၏ မူရင်းပြောကြားချက်ကို ပြောပြရမည်ဆိုပါက ၎င်းအနေဖြင့် ယခုတာဝန်ကို ထမ်းဆောင်ရာတွင် သမာသမတ်ရှိရှိဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာ၍ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း၊ သတင်းထောက်ကြီး မေးမြန်းခဲ့သည့် မေးခွန်းများ၏အဆက်များမှာ အဆိုပါကိစ္စများသာဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ရာတွင်လည်း ဘုံသဘောတူညီချက်(၅)ရပ်အပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဦးဆောင်သည့် မြန်မာ့လုပ်ငန်းစဉ်ဖြစ်ရမည်ဟု ပြောခြင်းဖြစ်ကြောင်း၊ အတိုချုံး၍ ပြောရမည်ဆိုပါက အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအနေဖြင့် မိမိနိုင်ငံ၏ ကံကြမ္မာကို မိမိဖန်တီးခွင့်ရှိကြောင်း၊ အဆိုပါစကားကို မိမိသဘောဖြင့်ပြောခြင်းမဟုတ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည့် စကားလုံးဖြစ်ကြောင်း၊ အဆိုပါစာတမ်းတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံများအနေဖြင့် မိမိကံကြမ္မာကို မိမိဖန်တီးခွင့်ရှိသည်ဟု အတိအလင်းဖော်ပြထားကြောင်း၊ ထို့ကြောင့် အထက်ပါကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် အခြားတစ်ဦးတစ်ယောက်ပြဋ္ဌာန်းပေးသည့် မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ လိုက်နာဆောင်ရွက်ရန်မလိုကြောင်း၊ မြန်မာနိုင်ငံ၏ မြန်မာ့လုပ်ငန်းစဉ်အတိုင်းသာ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စများကို လက်ရှိအစိုးရအနေဖြင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များရှိပြီးဖြစ်ကြောင်းနှင့် ထိုလုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ရှေ့ဆက်သွားမည့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ယခုသတင်းစာရှင်းလင်းပွဲ အစောပိုင်းတွင် မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်များမှာ မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်သွားမည့် မြန်မာ့လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် မိမိတို့အစိုးရ၏ ယုံကြည်ချက်နှင့် ခံယူချက်မှာ တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟု ခံယူထားကြောင်း၊ ထို့ကြောင့်ပြည်တွင်းအားကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအားကို တည်ဆောက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံက ဦးဆောင်သည့် မြန်မာ့လမ်းစဉ်ဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Sky Net သတင်းဌာနမှ သတင်းထောက် သွင်ထူးအောင်**က စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် အထွေထွေကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် လုပ်ငန်းများကျပ်တည်း၍ စားဝတ်နေရေးများ ခက်ခဲလာကြောင်း၊ ပြည်သူများ စီးပွားရေးချောင်လည်၍ ဝင်ငွေတိုးစေရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိလိုကြောင်း၊ လျှပ်စစ်မီးကို အချိန်ခွဲ၍ပေးနေရာမှ အချိန်ပြည့် မီးရရှိရေးအတွက် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်းနှင့် ထိုကဲ့သို့ အချိန်ပြည့် မီးရရှိနိုင်ရေးမည်ကဲ့သို့ စီမံဆောင်ရွက်ပေးနေသည်ကို သိလိုကြောင်း ဆက်လက်မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လျှပ်စစ်မီးကိစ္စကို ယခုသတင်းစာရှင်းလင်းပွဲ၏ အရှေ့ပိုင်းတွင် မိမိပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မေလခန့်အထိ ယခုအခြေအနေအတိုင်း ဆက်လက်ဖြစ်နေမည့်အနေအထားရှိကြောင်း၊ သို့သော် မီးပြတ်သည့်အချိန် တိကျစေရန်နှင့် မီးပြတ်ချိန်ကို နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကြောင့် ရိုက်ခတ်မှုများရှိကြောင်း၊ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမြင့်လာကြောင်း၊ စက်သုံးဆီနှင့် ပတ်သက်၍ လုပ်ဆောင်မည့်အကြောင်းအရာများကိုလည်း အစောပိုင်းက မိမိဖြေကြားပြီးဖြစ်ကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်ပါက မိမိတို့လုပ်ဆောင်နိုင်သည့် နည်းလမ်းများအားလုံးကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ပမှ တင်သွင်းနိုင်ရန်အတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ အသေးစိတ်ကို ကြိုတင်ပြောရန်မရှိကြောင်း၊ မိမိတို့က ကြိုတင်၍အသေးစိတ်ပြောမည်ဆိုပါက အခြားလုပ်ငန်းများကို ထိခိုက်နိုင်သောကြောင့် မပြောခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းစနစ်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ရေတင်စိုက်ပျိုးမှုများအတွက် စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုနှင့် ဓာတ်မြေဩဇာဈေးနှုန်း ကြီးမြင့်မှုများကိုလည်း ပြေလည်စေရေးစီမံကိန်းချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က “ကျွန်မတို့” ဟူသည့် နာမ်စားကို သုံးစွဲသွားမည်ဖြစ်ကြောင်း၊ “ကျွန်မတို့” ဆိုသည်မှာ မြန်မာနိုင်ငံအပေါ် သစ္စာရှိသောလူများနှင့် တပ်မတော်အပေါ် အကြွင်းမဲ့ယုံကြည်အားကိုးသည့် ပြည်သူများကို ကိုယ်စားပြုသည့် စကားဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အပေါ် အလွန်အကျွံယုံကြည်ခြင်းကို ချင့်ချိန်တွေးတောနေရပါကြောင်း၊ လူတစ်ဦးတစ်ယောက်ကို ပုံအပ်ပြီး စုံလုံးကန်းခဲ့ခြင်းကြောင့် ဗိုလ်ချုပ်ပြောခဲ့သကဲ့သို့ နီပိန်း၊ နီပိတ်များဖြစ်လာရပါကြောင်း၊ “ကျွန်မတို့”သည် တပ်မတော်ဟူသည့် အဖွဲ့အစည်းကြီးကိုအလွန်အကျွံ ယုံကြည်အားကိုးမိသည့်အတွက် စစ်ပိန်း၊ စစ်ပိတ်ဟု ပြောခံရလျှင်လည်း ကျေကျေနပ်နပ်ကြီးခံယူသွားမည်ဖြစ်ကြောင်း၊ “ကျွန်မတို့” အတွက် တပ်မတော်ကလွဲပြီး ယုံကြည်အားကိုးစရာ လုံးဝမရှိပါကြောင်း၊ အားကိုးမှာလည်းမဟုတ်ပါကြောင်း၊ ပထမဆုံးမေးခွန်းအနေဖြင့် CDM များကို လွယ်လွယ်ကူကူ အလုပ်ပြန်ခန့်ခဲ့သည့်အတွက် အပြုံးမပျက်ရုံးတက်ခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများ စိတ်အားငယ်ခဲ့ရပါကြောင်း၊ မင်းသားမင်းသမီးများ ဥပဒေအထက်ကို ရောက်သွားသည့်အတွက် ဥပဒေနှင့်အညီနေထိုင်နေသည့်သူများ စိတ်မကောင်းဖြစ်ခဲ့ရပါကြောင်း၊ ယခုလည်း ကျောင်းခေါ်ချိန်မပြည့်မီသည့်သူများကို စာမေးပွဲဖြေဆိုခွင့်ပေးခဲ့သည့်အတွက် ခြိမ်းခြောက်ခြင်းများကြားတွင် အသက်နှင့်လဲကာ ကျောင်းပို့၊ ကျောင်းတက်ခဲ့ရသည့် ကျောင်းသားများနှင့် မိဘများ စိတ်ပျက်နေကြရပါကြောင်း၊ အိမ်စောင့်အစိုးရအပေါ် ယုံကြည်အားကိုးနေသည့် “ကျွန်မတို့” ပြည်သူများ၏ မျက်ရည်များကိုမည်သည့်အချိန်တွင် သုတ်ပေးနိုင်မည်ကိုသိလိုပါကြောင်း၊ ဆက်စပ်မေးခွန်းအနေဖြင့် ဆန်၊ ဆီ၊ ဒီဇယ်၊ ရွှေ၊ ကုန်ဈေးနှုန်းများနှင့် ဒေါ်လာဈေးနှုန်းများကို ထိန်းချုပ်နိုင်ခြင်းမရှိသေးသည့်အပြင် တရားဥပဒေ၏ အကျိုးသက်ရောက်မှုကလည်း မလွှမ်းမိုးနိုင်သေးပါကြောင်း၊ အိမ်စောင့်အစိုးရ၏ နိုင်ငံသူ၊ နိုင်ငံသားများအပေါ် အသက်အိုးအိမ်စည်းစိမ်အတွက် မည်သည့်အချိန်ခန့်တွင် အာမခံချက် ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**မင်းသား မင်းသမီးကိစ္စ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မင်းသား၊ မင်းသမီးကိစ္စများနှင့် ပတ်သက်၍ ၎င်းတို့ကို လွှတ်ပေးလိုက်သည့်အချိန်တွင်လည်း မိမိတို့ပြောပြီးဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရေးအတွက် ပြောခဲ့ခြင်းလည်း ရှိကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့ကိုခံဝန်ထိုး၍ လွှတ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်သူများကိုလည်း ခံဝန်ထိုးပြီးလွှတ်ပေးခြင်းသာဖြစ်ကြောင်း၊ စာမေးပွဲနှင့် ပတ်သက်ပြီး ခြိမ်းခြောက်ခံရမှု သတင်းဖြစ်စဉ်များကိုလည်း မိမိတို့ကြားသိရပါကြောင်း၊ ကျောင်းခေါ်ကြိမ်မပြည့်ဘဲ စာမေးပွဲလာဖြေသည့်ကိစ္စများ၊ CDM ဝန်ထမ်းများက ခြိမ်းခြောက်သည့် ကိစ္စများကိုလည်း သိရပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျောင်းခေါ်ကြိမ်မပြည့်ဘဲ စာမေးပွဲဖြေဆိုသည့်ကိစ္စများသည် တချို့ကိစ္စများ မှန်သင့်သလောက်မှန်ပြီး တချို့မှာ ပုဂ္ဂိုလ်ရေးကိစ္စများ ပါဝင်နေကြောင်း၊ ယခင်ကမူ ကျောင်းမတက်ရန် ဆန့်ကျင်ခဲ့ကြောင်း၊ သို့သော် ကျောင်းတက်ပြီး စာမေးပွဲဖြေကြကြောင်း၊ ယင်းကိစ္စများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့်ပတ်သက်ပြီး ပြည်သူလူထုပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် လက်တွေ့ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့ကာကွယ်ရေးစနစ် ပါဝင်သည့် ပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာများအနေဖြင့် ထိခိုက်နစ်နာမှုများ ရှိသင့်သလောက်ရှိကြောင်း၊ ထိခိုက်နစ်နာမှုများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ ကိုယ်တိုင်သွားရောက်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး မည်သည့်အချိန်တွင် အာမခံချက်ပေးနိုင်မည်ဟု ပြောရန်ခက်ကြောင်း၊ မည်သည့်နိုင်ငံမျှ ၁၀၀ ရာခိုင်နှုန်း လုံခြုံရေးအာမခံချက်မရှိကြောင်း၊ တတ်နိုင်သမျှ တည်ငြိမ်အေးချမ်းစေရန်နှင့် တရားဥပဒေစိုးမိုးစေရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စက်သုံးဆီလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များတွေ့ဆုံ

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတုတ္တန်းနှင့် ရွှေကြက်ယက်ဆိပ်ကမ်းတွင် စက်သုံးဆီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်သုံးဆီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ မန္တလေးမြို့ ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး၊ ခရီးသွားရေယာဉ်လိုင်းများနှင့် ကုန်တင်ကုန်ချရေယာဉ်များ စနစ်တကျ ဆိုက်ကပ်ဝင်ထွက်သွားလာနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး၊ စက်သုံးဆီတင်ချမှုစနစ်တကျရှိရေးအတွက် သတ်မှတ်နေရာများတွင် ဆီကန်များတည်ဆောက်၍ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် လုပ်ငန်းရှင်များ၏ အခက်အခဲကို ဥပဒေနှင့်အညီ မှန်ကန်သည့်နည်းလမ်းများအတိုင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်က အမရပူရမြို့နယ် အိုးတုတ္တန်းတွင် စက်သုံးဆီသိုလှောင်ကန်များ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဒုတိယစစ်ဆေးရေး အရာရှိချုပ်(အထက်မြန်မာပြည်) ဦးလရော်နှင့် မြန်မာနိုင်ငံ ရေနံအသင်း(MESDP) ဥက္ကဋ္ဌ ဒေါက်တာ ဝင်းမြင့်တို့က စက်သုံးဆီ ကုန်တင်ကုန်ချ ဆောင်ရွက်နေမှုနှင့် သိုလှောင်ကန်များနှင့်ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက စက်သုံးဆီလုပ်ငန်းဆောင်ရွက်နေမှုနှင့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# တရားမဝင် စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မတ် ၂၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတဝန်ကြီး ဦးဆောင်သော ပူးပေါင်းအဖွဲ့များက သတင်းအရ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် တရားမဝင် ရွှေတူးဖော်မှု လုပ်ဆောင်ထားမှုများနှင့်အတူ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ရေစုပ်စက်အင်ဂျင်မျိုးစုံ၂၈ လုံး၊ ရေခရမျိုးစုံ ၂၃ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပလနနယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၂၆ ရက်တွင် တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တာလေမြို့နယ်အတွင်း ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းလပ် – ပါလျှိုး – တာလေလမ်းကြောင်းတွင် သုံးဘီးမော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် သယ်ဆောင်လာသော ထိုင်းနိုင်ငံထုတ် Leo Beer ဖာ ၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော သုံးဘီးမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုင်တိုင်အမှတ် ၉၆ မိုင်(၅)ဖာလုံအနီး ရှောင်ကွင်းလမ်းတွင် (လိုင်စင်မဲ့) Hino အမျိုးအစား ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးပေါ်၌ တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်ဆောင်လာသည့် တရားမဝင် Used Diesel Generator,625 KVA တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀၀)၊ Used Diesel Generator,200 KVA တစ်လုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မူဆယ် – လားရှိုး လမ်းပိုင်းတွင် ကင်းလှည့်စစ်ဆေးစဉ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းအနီးရှိ စံလောင်းကျေးရွာအနီး ရှောင်ကွင်းလမ်းဘေးတွင် သတ္တုပုံယူဆရသော အစိုင်အခဲများ ထည့်ထားသည့် အိတ် ၁၂ အိတ်–(592 Kg)၊ (ခန့်မှန်းတန်ဖိုးကျပ် ၅၉၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

အလားတူ မြန်မာ့စက်မှုဆိပ်ကမ်း အကောက်ခွန်စစ်ဆေးရေးစခန်းတွင် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၅၄၄၁၈) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ TOYOTA LANDCRUISER အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) နှင့် HONDA WAVE – 110 အမျိုးအစား ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၁၀၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်/သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၅ ရက်၊ ၂၆ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၆၂၄၄၁၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းစေ၍ တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၂၉**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းစေ၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ရီရီသန်း(မိ)၊ အောင်ဟိန်းကျော် (တိမ်းရှောင်)၊ အိဖြူ (တိမ်းရှောင်) တို့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နေ မ––– ၃၃ နှစ် ကို တရုတ်နိုင်ငံသား ကျူရှိချိုင် (တိမ်းရှောင်)နှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၃၀ မှ သိန်း ၇၀ အထိ တင်တောင်းမည်။ တရားဝင်လက်ထပ်ပါက တရုတ်နိုင်ငံအထိ ခေါ်ဆောင်မည်ဟု စည်းရုံးပြောဆို၍ လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးကာ ပေါင်းသင်းစေခဲ့ပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန် မန္တလေးမြို့သို့ ခေါ်ဆောင်သွားစဉ် ဖမ်းဆီးရမိသဖြင့် မှော်ဘီမြို့မရဲစခန်း (ပ)၄၇ / ၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈/ ၃၂ ဖြင့် မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ဒေါ်ရီရီသန်းအား မတ် ၂၅ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈/ ၃၂ အရ အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံများအား တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၁၉၈၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၇ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် လားရှိုး–မန္တလေး သွားကားလမ်း၊ အိုရီယမ်တယ်တိုးဂိတ်အနီး ကျောက်မဲမှ မန္တလေးဘက်သို့ မျိုးမင်း(၄၀)နှစ် မောင်းနှင်လာသည့် ISUZU ကွန်တိန်နာ ဘောက်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၉၈၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




မျိုးမင်းအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၃-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒိမိုကရေစီဟုဆိုရာဝယ်
- **၀၉:၁၀** မွေးမြူရေးရာအဖြေရှာ
- **၀၉:၃၀** တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ကြားရေး (ဓာတုဗေဒဘာသာရပ်)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်'** (အပိုင်း-၁၅)
- **၁၃:၂၅** MRTV National News
- **၁၃:၅၀** **'ဟားစတိုင်ရဲ့အောင်ပွဲအငြိမ့်'**
- **၁၆:၃၅** လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်အစီအစဉ်
- **၁၇:၃၅** တကယ်စွမ်းတဲ့ MYANCOPHRAM
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချိတက်'** (အပိုင်း-၁၈)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၄)
- **၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'လိုဘ'**

**mitv**

- **07:02** Suvanna Sama (Hnin Yee Thant)
- **07:10** Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
- **07:25** Discovering Tribes- Maw Nay Bwa: their life and customs
- **08:01** Mosaic Painting (Precious Stones & Gems)
- **08:16** On the River
- **08:39** Bago: A City Of Famous Historic Pagoda
- **09:01** News
- **09:27** Global Partnership for Brighter Future: Niger Pavilion at Expo 2020 Dubai
- **09:34** Underwater Photographer
- **09:54** Lively Group Folk Dance of Kayan Nationals
- **10:01** Ngapali Beach: Fishing Villages
- **10:08** Aesthetic Painting on Pathein Umbrella
- **10:22** Secret Recipes by Gourmet Chefs (Thai)

**MRTV NRC**

**ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်အဝေါ်အဝေါ်စာအုပ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စာပေသင်ကြားရအောင် (အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
နည်းမှန်စိုက်ပျိုးဝင်ငွေတိုး (သခွားစိုက်ပျိုးနည်း)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သံပရာခွံ အရန်ဟင်းချက်ပြုတ်နည်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဘုံတာလာ ရေတံခွန်အကြောင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ကေနန့်ပျိုင်နှင့်ရွှေဖရုံသီးချက်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လောင်းရှမ်းစက္ကူ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်တဲ့တရုတ်စံကားပွင့်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၁၅** ရေကြည်တစ်ပေါက်
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၀၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တောင်းပန်ပါတယ်'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၂၅** သီးနှံအထွက်နှုန်းတိုးရေး မျိုးကောင်းမျိုးသန့် သုံးစွဲပေး
- **၀၇:၀၀** ကော်ဖီသုတေသနမှသည် ကော်ဖီကဏ္ဍ တိုးတက်ဖို့မျှော်ရည်
- **၀၇:၄၅** လယ်ကြားငါးကန်နှင့် တိုင်းရင်းငါးမျိုး ချန်လှပ်မွေးမြူခြင်း
- **၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- **၀၉:၂၀** ပဲ၊ နှမ်းစိုက်ပျိုးဝင်ငွေတိုး

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ တောင်ပေါ်ကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မဟာသဒ္ဓမ္မပန်းကုံးကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အောင်သုခ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ဇေယျမေဒနီ စာသင်တိုက်သို့လည်းကောင်း ဆရာတော် သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ သာယာဝတီမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီနှင့် နေပြည်တော် (ဇေယျာသီရိမြို့နယ်)၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့၊ တောင်ငူမြို့၊ ညောင်လေးပင်မြို့၊ ငါးသိုင်းချောင်းမြို့၊ ဘားအံမြို့၊ မြဝတီမြို့နှင့် သိမ်ဖြူမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၂၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၈၀/၂၂၀၀ ကျပ် | ၂၂၀၀/၂၂၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၉၀/၂၂၁၅ ကျပ် | ၂၂၂၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀/၂၀၅၅ ကျပ် | ၂၀၈၀/၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅/၂၁၃၅ ကျပ် | ၂၂၁၀/၂၂၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၂ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၅ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၇၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၇ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၅၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၀၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၅၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၇၈၀၀ | ၂၁၆ | ၁၆၈၆၄၀၀ |
| MTSH | ၂၇၅၀ | ၂၈၀၀ | ၁၀၈၈ | ၂၉၉၅၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၅ | ၃၉၀၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၀ | ၂၆၅၀၀ |
| AHP | ၄၁၀၀ | ၄၈၀၀ | ၂၄၅ | ၁၀၃၂၇၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မည်

မေရတနာ

**မြန်မာနိုင်ငံ၏ဆီအိုးကြီးဟု တင်စားရာ မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံမျိုးစုံနှင့် ပဲမျိုးစုံကို အဓိကစိုက်ပျိုးကြသည်။ ထိုကဲ့သို့ စိုက်ပျိုးရေးကို အားထားဆောင်ရွက်ကြသည့်အတွက် ထွက်ရှိလာသည့် စိုက်ပျိုးသီးနှံများ ရောင်းဝယ်ဖောက်ကားရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးသည် အရေးပါလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက လမ်းအရေအတွက် ၈၂ လမ်း၊ စုစုပေါင်း လမ်းအရှည် ၂၁၄၄ မိုင် ၁ ဖာလုံ ၂၂ ပေကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။**



အဆင့်မြှင့်တင်ထားသော ပုသိမ် - မုံရွာ လမ်းမကြီး၏ လမ်းပိုင်းတစ်နေရာ။

### ဆောင်ရွက်ပြီးလုပ်ငန်းများ

"တိုင်းဒေသကြီးအတွင်းမှာ နှစ်စဉ်ရရှိတဲ့ ဘဏ္ဍာရန်ပုံငွေနဲ့ လမ်းအဆင့်မြှင့်တင်၊ လမ်းဖောက်လုပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် Paved Ratio ဟာ ၉၅ ရာခိုင်နှုန်းအထိ ရှိလာပါပြီ" ဟု တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစံမင်းအောင်က ပြောသည်။

လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ပြည်ထောင်စုမှ စီမံခန့်ခွဲလျက်ရှိသော လမ်းအရှည် ၈၂၈ မိုင် ၆ ဖာလုံ ၆၉ ပေရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသည့် လမ်းအရှည်မှာ ၁၃၁၅ မိုင် ၃ ဖာလုံ ၁၅၃ ပေရှိသည်။ ယင်းလမ်းပိုင်းများအနက် လမ်းမိုင် ၄၅၇ မိုင် ၀ ဖာလုံ ၆၉ ပေကို ပုဂ္ဂလိကကုမ္ပဏီ ခြောက်ခုက B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"တိုင်းဒေသကြီးအတွင်းမှာ လမ်း၊ တံတားတွေကောင်းမွန်ဖို့ လမ်းဦးစီးဌာနက ခရိုင်ငါးခု၊ လမ်းအထူးအဖွဲ့ တစ်ဖွဲ့၊ တံတားဦးစီးဌာနက တံတားတည်ဆောက်ရေးအဖွဲ့ တစ်ဖွဲ့၊ တံတားအထူးအဖွဲ့ နှစ်ဖွဲ့နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်း ၃၁-၃-၂၀၂၂ ရက်မှာရှိတဲ့ လမ်းအမျိုးအစားနဲ့ လမ်းမိုင်အရှည်တွေကတော့ AC လမ်း ၁၁ မိုင် ၃ ဖာလုံ ၆၉ ပေ၊ ကွန်ကရစ်လမ်း ၁ မိုင် ၃ ဖာလုံ ပေ ၄၀၀၊ ၂၄ ပေ အကျယ် ကတ္တရာလမ်း ၂၇၆ မိုင် ၂ ဖာလုံ ၄၄၁ ပေ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၁၃၄၁ မိုင် ၅ ဖာလုံ ၁၃၇ ပေ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၄၀၃ မိုင် ၅ ဖာလုံ ၂၁၈ ပေ၊ ကျောက်ချောလမ်း ၇၈ မိုင် ၅ ဖာလုံ ၆၆ ပေ၊ အမာခံလမ်း မိုင် ၃၀ ၁ ဖာလုံ ၂၁၁ ပေ၊ မြေလမ်း ၇ ဖာလုံတို့ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

### လမ်းဦးစီးဌာန၏ တာဝန်များ

လမ်းဦးစီးဌာန၏ တာဝန်များအရ လမ်းနှင့် တံတားများကို နိုင်ငံတော်ကချမှတ်ထားသည့် Good Governance, Clean Government မူဝါဒများနှင့် အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် Regulatory Body အဖြစ် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်ရာတွင် ပိုမိုထိရောက်စေရန် ဆောင်ရွက်ခြင်း၊ အရည်အသွေး ပိုမိုကောင်းမွန်ပြီး ပြည်သူများအား ဝန်ဆောင်မှု ပိုမိုပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်း(Standard Specification)များ၊ Rules & Regulations များ ရေးဆွဲပြဋ္ဌာန်းခြင်း၊ လမ်းအူကြောင်းနှင့် လမ်းလွှာဒီဇိုင်းများ ပုံစံထုတ်ခြင်း၊ ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်းပေါ်ရှိ လမ်းလုပ်ငန်းများကို နှစ်အလိုက်စီမံကိန်းများ ရေးဆွဲခြင်း၊ နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ပြုစု၍ ငွေလုံးငွေရင်းရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းရှိ လမ်းမိုင် စာရင်းများ နှစ်စဉ်ပြုစုပေးခြင်း၊ လမ်းလုပ်ငန်းများကို BOT စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ပုတ်ပြတ်လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများတွင် တည်ဆောက်ရေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးကိုလည်း Open Tender ပီပီပြင်ပြင် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးရသည်။

### ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်

ထို့အတူ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး စာချုပ်စာတမ်း ခိုင်ခိုင်မာမာ ချုပ်ဆိုဆောင်ရွက်၍ လုပ်ငန်းများ တာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်သည့် လုပ်ငန်းများအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ (Department of Highways) ဖွဲ့စည်းပုံနှင့်အညီ လူ့စွမ်းအားနှင့် သင်တန်းဌာနခွဲ၊ စီမံခန့်ခွဲရေး/ မူဝါဒနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ/ လမ်းအန္တရာယ် ကင်းရှင်းရေးဌာနခွဲ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လမ်းထိန်းသိမ်းရေး ဌာနခွဲနှင့် ဖြည့်တင်းရေးဌာနခွဲတို့ကို အသစ်ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အခြားဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အပ်နှံလာသည့် လုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လုပ်ငန်းများအား စီမံကွပ်ကဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရသည်။

ယင်းလုပ်ငန်းတာဝန်များနှင့်အညီ တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ဒေသတွင်းလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်းစသည့် လမ်းအမျိုးအစားများကို ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍ ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

### ဒေသတွင်း လမ်းလုပ်ငန်းများ

ထိုကဲ့သို့ ဒေသတွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၉ မိုင် ၆ ဖာလုံ ၄၃၄ ပေ ၊ ၁၈ ပေမှ ၂၄ ပေ ကတ္တရာလမ်းချဲ့ခြင်း ၇ မိုင် ၇ ဖာလုံ၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၂၂ မိုင် ၁ ဖာလုံ ၅၆၅ ပေ၊ လမ်းနိမ့်မြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁၆ မိုင် ၃ ဖာလုံ ၃၃၈ ပေ၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၁ မိုင် ၀ ဖာလုံ ပေ ၅၂၀ ၊ Box Culvert အသစ်တည်ဆောက်ခြင်း ၂၃ စင်း၊ Box Culvert ချဲ့ခြင်း နှစ်စင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ၆၃၀၅ ပေနှင့် မြေကာနံရံတည်ဆောက်ခြင်း ၈၁၄ ပေကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လ အထိ ၆ လတာ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့ သည်။

ထို့အတူ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၉ မိုင် ၃ ဖာလုံ ပေ ၅၄၀၊ ၁၈ ပေမှ ၂၄ ပေ ကတ္တရာလမ်းချဲ့ခြင်း မိုင်၂၀ ၆ ဖာလုံ ပေ ၃၄၀၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၆၉ မိုင် ၃ ဖာလုံ ပေ ၁၄၀၊ လမ်းနိမ့်မြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၃၆ မိုင် ၅ ဖာလုံ ပေ ၃၃၀၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၁ မိုင် ၀ ဖာလုံ ပေ ၁၃၀၊ Box Culvert အသစ်တည်ဆောက်ခြင်း ၇၁ စင်း၊ Box Culvert ချဲ့ခြင်း ၂၄ စင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ၂၄၃၃၄ ပေနှင့် မြေကာနံရံ တည်ဆောက်ခြင်း ၁၆၄၁ ပေကို ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

### လမ်းများ အရည်အသွေးစိစစ်ရေး

လမ်းများ အရည်အသွေးကောင်းမွန်ရေးအတွက် လမ်းဦးစီးဌာနမှ အရည်အသွေး စိစစ်ရေးအဖွဲ့များ၏ စစ်ဆေးစိစစ်မှုများကို မကွေးတိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးနိုင်ရန်အတွက် လမ်းများဆောင်ရွက်ရာတွင်ရှိရမည့် စံအရည်အသွေးကို လမ်းဦးစီးဌာနက ဒီဇိုင်းထုတ်ပေးစဉ်ကပင် Technical Specification များပါ တစ်ပါတည်း သတ်မှတ်ထားကြောင်း သိရသည်။

"လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တာရဲ့ အကျိုးဆက်ကို ပြည်သူက တိုက်ရိုက်ခံစားရတယ်။ အရင်က လမ်းမကောင်းတော့ ပေါ်တဲ့သီးနှံရောင်းဖို့အတွက် အဆင့်ဆင့်သယ်ယူရတယ်။ ကျန်းမာရေးဆိုလည်း ဒီလိုပဲ။ အခုတော့ သီးနှံရောင်းမလား၊ ကျန်းမာရေးအတွက် သွားမလား၊ ဘယ်လိုကိစ္စမဆို ရွာနဲ့ မြို့ဆက်သွယ်သွားလာဖို့ အချိန်မကုန်တော့ဘူး" ဟု မကျီးကန် ကျေးရွာမှ ဦးခင်မောင်လတ်က ပြောပြသည်။

### လုပ်ငန်းစဉ်များ

လမ်းဦးစီးဌာနသည် လမ်းများတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် နှစ်ရှည်ပင်မစီမံကိန်းတွင် ပါဝင်သော နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ၊ အဓိက ပြည်ထောင်စုလမ်းများအား ကတ္တရာလမ်း ၃ ဒသမ ၆၆ မီတာ၊ ၅ ဒသမ ၅ မီတာအကျယ် ကတ္တရာလမ်းမှ ၇ မီတာ အကျယ် ကတ္တရာ ကွန်ကရစ်လမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့် တိုးမြှင့်ဖောက်လုပ်ရန်၊ ဆောင်ရွက်ဆဲ ကျန်တိုင်းဒေသကြီး လမ်းများအား ရာသီမရွေးသွားလာနိုင်သည့် လမ်းအဆင့် ၃ ဒသမ ၆၆ မီတာ (၁၂ ပေအကျယ်) မှ ၅ ဒသမ ၅ မီတာ (၁၈ ပေအကျယ်) ကတ္တရာလမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် ရရှိရန်ပုံငွေပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန် ဟူသည့် လုပ်ငန်းစဉ်များကို ချမှတ်ထားသည်။

ထို့ကြောင့် တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းများကို ၂၄ ပေအကျယ် AC လမ်းများအဖြစ်လည်းကောင်း၊ ကျန်လမ်းများကို ရာသီမရွေး သွားလာနိုင်သည့် လမ်းအဆင့် ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ရန် လုပ်ငန်းစီမံချက်များ ချမှတ်ထားရှိပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၂၁ သို့*

**လမ်းများ အရည်အသွေးကောင်းမွန်ရေးအတွက် လမ်းဦးစီးဌာနမှ အရည်အသွေး စိစစ်ရေးအဖွဲ့များ၏ စစ်ဆေးစိစစ်မှုများကို မကွေးတိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စစ်ဆေးနိုင်ရန်အတွက် လမ်းများဆောင်ရွက်ရာတွင် ရှိရမည့် စံအရည်အသွေးကို လမ်းဦးစီးဌာနက ဒီဇိုင်းထုတ်ပေးစဉ်ကပင် Technical Specification များပါ တစ်ပါတည်း သတ်မှတ်ထားကြောင်း သိရသည်**

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## တောင်ကြီးမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး မတ် ၂၉**

တောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်နှင့် ဝန်ထမ်းများက ယမန်နေ့က ကျောက်တလုံးကြီးမြို့၊ ကက္ကူကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ဆောင်ရွက်ပေးနေမှုကို ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း လုပ်ငန်းများဆောင်ရွက်ရန် ကျန်ရှိနေသည့်ရပ်ကွက်၊ ကျေးရွာများသို့လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်လင်း**



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကိုကိုလင်းနှင့် ဝန်ထမ်းများသည် မတ် ၂၈ ရက်က မိုင်းပျဉ်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မစားရဝခမန်း မက်လုံးပေးပြီး ဝန်ထမ်းများအပေါ် CDM လုပ်ဖို့ အယုံသွင်းနေကြသော ဒုက္ခတွင်းထဲက ဘုံပျောက်နေတဲ့ အစွန်းရောက်ပြည်ဖျက်မိစ္ဆာများ”** ခေါင်းစဉ်ဖြင့် မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဆူးကြားက ဘူးခါး (သို့မဟုတ်) EPC”** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်သည့် အသိပညာပေး

**သုံးခွ မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက “ပန်းခင်း” စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးရရှိထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ လျာထားချက်ပြည့်မီပြီးဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများ ခရီးသွားလာရာနှင့် တည်းခိုနေထိုင်ရာ စသည်တို့တွင် တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို ဧပြီ၁ရက်မှစတင်၍ ပြသစစ်ဆေးမှုခံယူရမည် ဖြစ်ကြောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်သူများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ကြောင်း အသိပေးလက်ကမ်းစာစောင်များအား မြို့နယ်ဦးစီးမှူး ဦးမင်းသူနှင့် ဝန်ထမ်းများက မတ် ၂၉ ရက် က လူစည်ကားရာနေရာများတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

*စာမျက်နှာ ၂၀ မှ*

မကွေးတိုင်းဒေသကြီးသည် အရှေ့ဘက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။ ထိုကဲ့သို့ ထိစပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ လွယ်ကူစွာ ချိတ်ဆက်သွားလာနိုင်သည့် လမ်းပိုင်းများ ကောင်းမွန်စေရန်အတွက် တိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“တိုင်းဒေသကြီးထဲက လမ်းပိုင်းတွေ ကောင်းမွန်ဖို့နဲ့အတူ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ထိစပ်နေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့ ချိတ်ဆက်နေတဲ့ လမ်းပိုင်းတွေ ကောင်းမွန်ဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ နေပြည်တော်ဆိုရင် နေပြည်တော်- တောင်ညို- မြို့သစ်- ကန်ပြား (မကွေး) လမ်း၊ နေပြည်တော်- တောင်ညို ချောင်းနက်- တောင်တွင်းကြီးလမ်း၊ မန္တလေးနဲ့ဆိုရင် ပျော်ဘွယ်- ရွာမွန်- နတ်မောက်- ကန်ပြားလမ်း၊ ရွာမွန်-ဇီးဖြူကုန်း-ကျောက်ပန်းတောင်းလမ်း၊ ပေါက်ကန်- အိုင်မနက်ချောင်းလမ်း၊ ရန်ကုန်-ပြည်- မန္တလေးလမ်း၊ စစ်ကိုင်းနဲ့ဆိုရင် မုံရွာ (ညောင်ပင်ကြီး)- ပုလဲ- ဂန့်ဂေါ- ဟားခါးလမ်း၊ ပခုက္ကူ- မုံရွာလမ်း၊ ဂန့်ဂေါ- ကလေးလမ်း၊ ပဲခူးနဲ့ဆိုရင် ရန်ကုန်- ပြည်- မန္တလေးလမ်း၊ ပုသိမ်- မုံရွာလမ်း၊ သာဂရ- ကိုးပင်လမ်း၊ ချင်းနဲ့ဆိုရင် ဆိပ်ဖြူ- ဆော- ကန်ပက်လက်လမ်း၊ ပခုက္ကူ- ပေါက်- ကျောက်ထု- ကံကြီး- မင်းတပ်လမ်း၊ လောင်းရှည်- ကျင်ဒွေးလမ်း၊မုံရွာ(ညောင်ပင်ကြီး)-ပုလဲ-ဂန့်ဂေါ- ဟားခါးလမ်း၊ ဂန့်ဂေါ-အိုက္ကားလမ်း၊ ရခိုင်ပြည်နယ်နဲ့ဆိုရင် မင်းဘူး- အမ်း- စစ်တွေလမ်းတို့ကနေ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ပါတယ်” ဟု ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါက်တာ စောမြတ်ခိုင်က ပြောသည်။

တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် နေပြည်တော်- တောင်ညို- မြို့သစ်- ကန်ပြား (မကွေး) လမ်းပိုင်းတွင် နေပြည်တော် (ပန်းတင်)မှ မကွေး (ကံပြား) အထိ လမ်းအရှည် ၇၉ မိုင် ၄ ဖာလုံ ကတ္တရာလမ်း ဖောက်လုပ်ထားပြီး နေပြည်တော်မှ မကွေးမြို့သို့ ယာဉ်မောင်းချိန် ၂ နာရီ မိနစ် ၃၀ ခန့်ဖြင့် လွယ်ကူစွာ သွားလာနိုင်နေပြီဖြစ်သည်။



အဆင့်မြှင့်တင်ထားသော နေပြည်တော် - မကွေး လမ်းမကြီး၏ လမ်းပိုင်းတစ်နေရာ။

“ဥပမာအနေနဲ့ ပြောပြရရင် နေပြည်တော်ကောင်စီနယ်မြေနဲ့ မကွေးတိုင်းဒေသကြီးကို ချိတ်ဆက် ဆက်သွယ်ပေးထားတဲ့ နေပြည်တော်- တောင်ညို- မြို့သစ်- ကန်ပြား (မကွေး) လမ်းပါ။ ဒီလမ်းပိုင်းမှာ ရေကျော် ကိုးခုရှိတယ်။ အရင်က မိုးရာသီ ချောင်းရေကျချိန်ဆို ရေကျော်တွေမှာ စောင့်ဆိုင်းရတာမျိုးတွေ ရှိပါတယ်။ အခုတော့ နှစ်စဉ်စီမံချက်နဲ့ လမ်းပိုင်းပေါ်မှာ R.C တံတားတွေ တည်ဆောက်ခဲ့တဲ့အတွက် ရေကျော်လုံးဝ မကျန်ရှိတော့ဘဲ ၂၄ နာရီပတ်လုံး စောင့်ဆိုင်းစရာမလိုဘဲ သွားလာနိုင်ပြီ” ဟုလည်း ဒုတိယညွှန်ကြားရေးမှူးက ဆက်လက် ရှင်းပြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွား တိုးတက်ရေးတို့အတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ရာသီမရွေးသွားလာနိုင်မည့် လမ်းကွန်ရက် အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း လုပ်ငန်းများကို လမ်းဦးစီးဌာနအနေဖြင့် ပြည်သူ့အတွက် ဆက်လက်ကြိုးပမ်း ဖော်ဆောင်နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အမ်းမြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ပူလောင်တောင်စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပ



**စစ်တွေ မတ် ၂၉**
ရခိုင်ပြည်နယ် အမ်းမြို့ မြောက်ပိုင်းရပ်ကွက် ပူလောင်တောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ပူလောင်တောင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲကို ယမန်နေ့က အဆိုပါစေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် ဇနီး၊ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဇနီးအမှူးပြုသော ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် အရန်စေတီတော်များအား ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးကို လှည့်လည်ပူဇော်ကြပြီး သံဃာတော်များထံသို့ စိန်ဖူးတော်၊ ထီးတော်ဘုံအဆင့်ဆင့်တို့အား ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၌ စိန်ဖူးတော်ကို တင်လှူပူဇော်ကြပြီး ထီးတော်တင်လှူပြီးသည့် ပူလောင်တောင်စေတီတော်နှင့် အရန်စေတီတော်များအား ကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ကြသည်။

ထို့နောက်စေတီတော် ဓမ္မာရုံ၌ အမ်းမြို့ မြို့ဦးကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တပညာဓိကထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြို့ဦးကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက်နှင့် မြောက်ဘက်ရပ်ကွက်အား ဆက်သွယ်ထားသည့် အရှည်ပေ ၇၂၀ ရှိ အမ်းချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃ ၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည် ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသောထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသောစာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ရေဖြူ၌ ဝဥစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိသဖြင့် ကျေးရွာအများအပြားတွင် စိုက်ပျိုးလျက်ရှိ

**ရေဖြူ မတ် ၂၉**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်တွင် ဝဥစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိသဖြင့် ဝဥကို ကျေးရွာအသီးသီးရှိ ဥယျာဉ်ခြံမြေများတွင် အများအပြား စိုက်ပျိုးကြကြောင်း သိရသည်။

ရေဖြူမြို့သည် မိုးများသည့် ဒေသဖြစ်သည့်အားလျော်စွာ မိုးရွာသည်နှင့် တစ်ပြိုင်နက် မြေကြီးပေါ်၌ ဝဥပင်များ ထိုးထွက်ပေါ်နေပြီဖြစ်သည်။ ဝဥအရိုင်းနှင့်ဝယ်ယူစိုက်ပျိုးရသော အယဉ်ဟူ၍ နှစ်မျိုးရှိရာ ဝဥအရိုင်းကို တောထဲတွင် သဘာဝအလျောက်ပေါက်ရောက်နေသော နေရာတွင် အလွယ်တကူရှာဖွေကာ မျိုးပင်များယူလာ၍ မိမိအိမ်ဝင်း သို့မဟုတ် ဥယျာဉ်ခြံများတွင် စီးပွားဖြစ်စိုက်ပျိုးသည်။ ဝဥအယဉ်ပင်ကို ဝယ်ယူ၍ စိုက်ပျိုးရသည်။

ရေဖြူမြို့နယ်ရှိ ရော်ဘာခြံများ၊ ကွမ်းသီးပင်နှင့် မန်ကျန်ရှားပင် စိုက်ခင်းများတွင် ကြားသီးနှံအဖြစ် စိုက်ပျိုးကြသည်။ မိုးဦးရာသီတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် တူးဖော်ရောင်းချကြသည်။ ဈေးကွက်ဝင် ဝဥမှာ တစ်လုံး ၅၀ ကျပ်သားရှိပြီး တစ်ပိဿာလျှင် ၈၀၀ ကျပ်မှ တစ်ထောင်ကျော်အထိ ရရှိနိုင်ကြောင်း သိရသည်။

ဝဥသည် စိုက်ပျိုးပြီးလျှင် ၎င်းမြေနေရာတွင် ပြန်လည်ပေါက်၍ ပြန်စိုက်ရန်မလိုပဲ ပေါင်းမြက်ရှင်းပေးရန်သာလိုသည်။ မြေဩဇာမှလွဲ၍ မည်သည့်မြေအမျိုးစားမဆို ပေါက်ပြီး ကုန်ကျစရိတ်နည်းပါးသည့် အပင်ဖြစ်သည်။

ခြံဝင်းထဲ၊ ဥယျာဉ်ထဲတွင်ပင် တစ်ပိုင်တစ်နိုင်စိုက်ပျိုး၍ ရင်းနှီးမြှုပ်နှံမှုများစွာမလိုဘဲ မိသားစုအပိုဝင်ငွေ ရရှိနိုင်သည်။ ဝဥတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ရရှိပါက ၁၀ ပေပတ်လည်စိုက်ပျိုးထားရုံနှင့်ပင် ဝင်ငွေတစ်သိန်း ရရှိမည်ဖြစ်ကာ တစ်ဧကစိုက်ပျိုးထားပါက သိန်းနှစ်ဆယ်ဝန်းကျင် ရရှိမည်ဖြစ်ကြောင်း ဇေနိကျေးရွာ ဝဥစိုက်ပျိုးထားသောတောင်သူ ဦးသန်းဋ္ဌေးက ပြောသည်။ တခြားသွားရောင်းစရာမလိုပဲ ရွာ၌ပင် ဝဥအခြောက်လုပ်ငန်းလုပ်ကိုင်သူကို တိုက်ရိုက် ရောင်းချနိုင်ကြောင်း သိရသည်။

**ဖြူဖြူရှိန်(ရေဖြူ)**



ရေဖြူမြို့နယ်၌ ကျေးရွာဥယျာဉ်ခြံမြေများရှိ တောင်စောင်းများတွင် စိုက်ပျိုးထားသည့် ဝ ဥပင်များကို တွေ့ရစဉ်။

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများ

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၆၁၄ | အောင်ကိုမင်း-ဒေဝါဆိုင်း | အမှတ် (၃)၊ ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၅ | အောင်မြင့်မြတ်-ဒေဝါ | ဥမ္မာဒန္တီ (၂) လမ်း၊ (၁၄) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၆ | ဧရာဝတီသန့်ဇင်-မင်္ဂလာဆိုင်း | (၄) လမ်း၊ ဥမ္မာဒန္တီရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၇ | စိန်ဝင်းကြည်-မင်္ဂလာဆိုင်း | လမ်းမကြီးလမ်း၊ ရွှေဝါထွန်းရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၈ | မြမောင်မောင်-ဒေဝါဆိုင်း | ကုလားကုန်းရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၉ | ခေတ်သစ်မဟာမင်္ဂလာဆိုင်း | ဦးပုညလမ်းသွယ်၊ သရက်ပင်မောင်နှမရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၀ | ခင်စန်းရီ ဒေဝါ | ဦးပုညလမ်းသွယ်၊ သရက်ပင်မောင်နှမရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၁ | စိန်မင်းဆန်းမင်္ဂလာဆိုင်း | အမှတ် (၇) ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၂ | ခိုင်ဇော်သိန်း မင်္ဂလာဆိုင်း | (၅)လမ်း၊ (၈) ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၃ | မြပုဏ္ဏမာ (ဆိုင်းသံစုံ တေးဂီတ) | အမှတ် (၆) ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၄ | စိန်ဗိုလ်မြင့် | (၆) ရပ်ကွက်၊ (၂) လမ်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၅ | ဂီတမှူးအောင်စိုး ဒို့ခေတ် ပဒေသာအဖွဲ့ | (၁၄)လမ်း၊ (၉) ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၆ | ကျော်စွာဟိန်း မင်္ဂလာဆိုင်း | အမှတ် (၆) ရပ်ကွက်၊ (၉) လမ်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၇ | ပတ္တမြားလှိုင်မင်း- မင်္ဂလာဆိုင်း | သပြေလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၈ | စိုင်းမင်းဗိုလ်-မင်္ဂလာဆိုင်း | အမှတ် (၄) ရပ်ကွက်၊ ဘုရားကျောင်းလမ်း၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၂၉ | စိန်မြတ်မင်း၊ ပန်းအိဖြူ -မင်္ဂလာဆိုင်း | အမှတ် (၅) ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၀ | ဦးလှဝင်း-မင်္ဂလာဆိုင်း (ယွန်းဝတီအောင် မင်္ဂလာဆိုင်း) | ဆိုင်း/ ၁၈x၁၉ လမ်း၊ ရွှေဘုံသာလမ်း၊ အမှတ် (၅)၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၁ | မြန်မာပြည် ရာဇာလင်း-မင်္ဂလာဆိုင်း | ဝိဇယလမ်း၊ (၁၀) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၂ | မင်္ဂလာ စည်တော်ကြီးဆိုင်း | ငါးချောင်းရပ်ကွက်၊ တိုးချဲ့ (၄)၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၃ | ချစ်ဇေယျာ ဇာတ်သဘင် | (၁၅) လမ်း၊ (၇) ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၄ | ဒေါ်ကြည်ဝင်း-ကန္နားစီးဒေဝါ | အမှတ် (၂)၊ ဘုရင့်နောင်ရပ်ကွက်၊ ရွှေဂုဏ်တန်း (၂) လမ်း၊ အသုတ်မြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၅ | မိချို-ကန္နားစီးဒေဝါ | အမှတ် (၂) ရပ်ကွက်၊ ကျွန်းတောလမ်း၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၆ | ရွှေအလင်္ကာ-မင်္ဂလာဆိုင်း | ညောင်ပင်သာရပ်ကွက်၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၇ | စိန်အာလူး-ကန္နားစီးဒေဝါ | အောင်ဆန်းရပ်ကွက်၊ ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၈ | စိန်သန်းထွန်း-ဒေဝါဆိုင်း | မြို့သစ်ရပ်ကွက်၊ ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၃၉ | ချစ်လင်းမိုး-သံစုံတီးဝိုင်း ဆိုင်းတေးဂီတ | မြို့သစ်ရပ်ကွက်၊ ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၄၀ | အဲသွဝ့် ယှူးခိုင်း-ဇာတ် | ကော့ထမလိန်းရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ် |
| ၆၄၁ | ဖူ့အဲ | ကော့မြတ်ကြီးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် |
| ၆၄၂ | ဍုံယါန်ဖေါဟ်ကျာ် | ပိုင်ရန်းကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ် |
| ၆၄၃ | ယှူးခိုင်းဖါန် | ကော့တာဟိုး၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် |
| ၆၄၄ | ဖွံ့ယှင်ဆံဃှီ့ | (ဃ) ရပ်ကွက်၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် |
| ၆၄၅ | ဆံဃှီ့လာလျာ့ဖါန် | ခလောက်နို့ရွာ၊ ဘားအံမြို့၊ ကရင်ပြည်နယ် |
| ၆၄၆ | ဖွံ့ဆိုဒ်ဖါန်ထင်း | ကော့ဝမ်းရွာ၊ ဘားအံမြို့၊ ကရင်ပြည်နယ် |
| ၆၄၇ | ဝးအဲဖွံ့ | ထန်းတပင်ရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် |
| ၆၄၈ | ဖေါဟ်ဟော့ဝ်ထံင့်ဖါန် | မှိုင်းကံကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ် |
| ၆၄၉ | ဖွံ့ဆိုဒ်ဆဝ်ဃှီ့ | ကျုံမဒီရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ် |
| ၆၅၀ | အောင်နိုင်ကျော် ပဒေသာအငြိမ့် | ပတ္တမြားရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၁ | အောင်ရတနာထွန်း | ငါးလူတုန်းရွာ၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၂ | တက္ကသိုလ်မျိုးချစ် | အောင်ဆန်းရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၃ | မမ (ပဒေသာအငြိမ့်) | ဗိုလ်အောင်ဇေယျရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၄ | ရွှေဖား (ပဒေသာအငြိမ့်) | မြနန္ဒရာရပ်ကွက်၊ ဗန်းမောက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၅ | ကောင်းထိပ်စံ (ဆိုင်းအငြိမ့်အဖွဲ့) | အမှတ် (၂) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၆ | ဦးဆိုင်းဗိုလ် ဆိုင်း | အမှတ် (၁) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၇ | ရွှေမောင်းမင်္ဂလာဆိုင်း | အမှတ် (၇) ရပ်ကွက်၊ ချီပါစု၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၈ | သက်မြတ်နိုး | မြသဇင်လမ်း၊ သလ္လာအမှတ် (၂)၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၅၉ | စိန်ကြည်လွင် မင်္ဂလာဆိုင်း | ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၀ | သံစဉ် မင်္ဂလာဆိုင်း | အလယ်ရွာ၊ အင်းဝရွာစု၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၁ | ထက်စတား မင်္ဂလာဆိုင်း | ထန်းတောကျေးရွာ၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၂ | ဖိုးစိန်ကြီး မင်္ဂလာဆိုင်း | ကူဖြူ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၃ | ရွှေကျည်ဆံ မင်္ဂလာဆိုင်း | မုဆိတ်ကျေးရွာ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၄ | ဗိုလ်ရဲထက် မင်္ဂလာဆိုင်း | မကျည်းတောရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၅ | တက္ကသိုလ်မင်းခ (ညီမ) ရွှေရည် | မင်းတိုင်ပင်ရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၆ | ရတနာငွေး ခါးပတ်ဆိုင်း | သပြေအေးရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၇ | ရွှေမြို့တော် ဇာတ်အဖွဲ့ | သလ္လက် (၂) ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၈ | ရွှေနန်းတော် ဇာတ်သဘင် | နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၆၉ | ကောင်းကင်သစ် ဇာတ်သဘင် | သလ္လက်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၀ | မိုးရီရီ ယဉ်ကျူး မင်းသမီး | မင်းတိုင်ပင်ရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၁ | မို့မို့နိုင် မင်္ဂလာဆိုင်း | မွေ့တုန်ကျေးရွာ၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၂ | ဒေဝါကန္နားစီး | ပဲကူရွာ၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၃ | အားမာန် မင်္ဂလာဆိုင်း | မြင်တော်ရာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၄ | ခေတ်မင်းသားစတား ဇာတ် | သတိပဋ္ဌာန်လမ်း၊ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၅ | ဇာတ်သွေး ထွန်းလွင်ဦး ဆိုင်း | အရာတော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၆ | ဥက္ကာစိုး မင်္ဂလာဆိုင်း | အမှတ် (၂) မကျီးအုပ်ရပ်၊ အရာတော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၇ | ဒေါင်းဗေဒါ- ဒေါင်းရာဇာဦး | အမှတ် (၂) မကျီးအုပ်ရပ်၊ အရာတော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၈ | စတားဝင်းလှိုင် ဆိုင်း | ဘောင်းကျကျေးရွာ၊ အရာတော်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၇၉ | ပြည်သူ့မေတ္တာ မင်္ဂလာဆိုင်း | တင့်သာရွာ၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆၈၀ | ဒို့ခေတ် ရွှေမင်းသဘင် | အမှတ် (ဧ/၂၂၁)၊ သုခမွှလမ်း၊ မြို့သစ်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၁ | စိုးမိုးအောင် ဇာတ်သဘင် | သပြေချောင်းကျေးရွာ၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၂ | မိုးထက်အောင် | အမှတ် (၆၀)၊ စမ်းရေတွင်းလမ်း၊ ခ ရပ်ကွက်၊ ရေဖြူမြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၃ | အောင်ပွဲ သဘင် | မြို့ပတ်လမ်း၊ အောင်သုခရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၄ | ရွှေပိုး သဘင် | မြို့ပတ်လမ်း၊ အောင်သုခရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၅ | အောင်ပြည့်အောင် မင်္ဂလာဆိုင်းအဖွဲ့ | ကန်ဖျားရပ်၊ မြေနီလမ်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၆ | မြိတ်ဖိုသား မင်္ဂလာဆိုင်းအဖွဲ့ | အမှတ် (၁၀၀)၊ ဘိုးဘွားရိပ်သာလမ်းသွယ် (၂)၊ ကလွင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၇ | စိန်ဝင်းမြိုင် မင်္ဂလာဆိုင်းအဖွဲ့ | တက္ကသိုလ်ရပ်ကွက်၊ စိမ်းလဲ့သာယာ၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၈ | စိန်ထွန်းလင်း မင်္ဂလာဆိုင်းအဖွဲ့ | မြို့မ (၂) မွန်စုရပ်၊ မြိတ်တောင်၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၆၈၉ | မဟာအောင် ဇာတ်သဘင် | မြို့ရှောင်လမ်း၊ မြေနီကုန်းကားဝင်းနောက်၊ ရွှေပြည်သာအေးရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၆၉၀ | အောင်ဆန်းမင်းအောင် ဇာတ်သဘင် | အမှတ်(၃၈)၊ မြို့မ (၄)၊ ချောင်းနှစ်ခွကားဂိတ်၊ မုဒုံမြို့၊ မွန်ပြည်နယ် |
| ၆၉၁ | ဟိန်းထက်အောင် | သဒ္ဒါရပ်ကွက်၊ မြို့သစ် (၁)၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ် |
| ၆၉၂ | ဖိုးချစ် | အမှတ် (၁၉)၊ မျှော်လင့် (၂)၊ အလယ်လမ်း၊ ရွှေမြိုင်သီရိရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၆၉၃ | ဟံသာထက် (ခ) မွန်မွန် ဇာတ်သဘင် | ပေါ့ကျူးကုန်းကျေးရွာ၊ ကော့ကရိတ်မြို့၊ ကရင်ပြည်နယ် |
| ၆၉၄ | စောလမင်း ဇာတ်သဘင် | ရွာတန်းရှည်ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ် |
| ၆၉၅ | စိန်သဘင် | အမှတ် (၂၉) ရတနာပုံလမ်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၆၉၆ | ရွှေလပြည့် ဇာတ်သဘင် | (၁၃၅)၊ မျှော်လင့်လမ်းမကြီးအရှေ့၊ မျှော်လင့်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၆၉၇ | စိုးသဘင် | အမှတ် (၃၄)၊ သရဖီ (၄) လမ်း၊ ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၆၉၈ | ကိုဖြိုး၏ရွှေဂိုလ် | အမှတ် (၈၃)၊ သရဖီ (၆) လမ်း၊ ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၆၉၉ | ဇာတ်လျှးဖန်-မွန်ဇာတ် | အမှတ် (၈၈)၊ သုခဝတီ (၄) လမ်း၊ ရွှေမြိုင်သီရိ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၀၀ | ဟိန်းဇာနည် | အမှတ် (၄၁)၊ ငြိမ်းချမ်းရေးလမ်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |
| ၇၀၁ | သိုက်ဟန်သာ | အမှတ်(၁၇၂၃)၊ အင်ကြင်း (၁) လမ်း၊ ဇေယျာ (၂) ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် |

*(ဆက်လက်ဖော်ပြပါမည်)*

# သတ်မှတ်ချက်နှင့်မကိုက်ညီသော ကွန်ပျူတာများတွင် Windows 11 တင်ထားမှုများကို ရေစာဖြင့် သတိပေးမည်

**ရန်ကုန် မတ် ၂၉**

ကွန်ပျူတာအသုံးပြုသူများအတွက် Windows 11 ကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလက စတင်ထုတ်ပေးခဲ့ပြီးနောက် အသုံးပြုသူများအနက် အချို့အနေဖြင့် သတ်မှတ်ထားသည့်လိုအပ်ချက်များနှင့် မကိုက်ညီသော ကွန်ပျူတာများပေါ်တွင်လည်း ဝင်းဒိုး ၁၁ ကိုတင်၍ အသုံးပြုနေကြရာ ထိုသို့အသုံးပြုနေသူများအတွက် ရေစာဖြင့် သတိပေးချက်ဖော်ပြမည်ဖြစ်ကြောင်း မိုက်ခရိုဆော့ဖ်က မတ် ၂၁ ရက်က ထုတ်ပြန်ကြေညာသည်။

လက်ရှိအချိန်တွင် ဝင်းဒိုးဗားရှင်းအသစ်များကို စမ်းသပ်အသုံးပြုခွင့် ပေးထားသည့် Windows insider program တွင် ပါဝင်အသုံးပြုနေသူများအား အဆိုပါသတိပေးချက်ကို ဖော်ပြနေပြီဖြစ်ကာ ဝင်းဒိုး ၁၁ ကို သုံးနေသူများသည် လိုအပ်ချက်နှင့်မကိုက်ညီသော ကွန်ပျူတာပေါ်တွင်တင်၍ သုံးနေခြင်းဖြစ်ပါက "System requirements not met. Go to settings to learn more." ဟူသော သတိပေး




စာတန်းကို ကွန်ပျူတာဝင်းဒိုး၏ ဒက်စတော့ပေါ်တွင် ရေစာဖြင့် ဖော်ပြနေမည်ဖြစ်သည်။ ပြည်တွင်း၌ လက်ရှိအသုံးများသည့် ဝင်းဒိုး ၁၀ နှင့် ယခင်က သုံးခဲ့သည့် ဝင်းဒိုး ၇ များတွင် လိုင်စင်ဝင်းဒိုးမဟုတ်သည်များကို သုံးပါက 'This Copy of Windows Is Not Genuine' ဟု ရေစာဖြင့် သတိပေးချက် ဖော်ပြနေသည့် ပုံစံမျိုးဖြစ်သည်။

မိုက်ခရိုဆော့ဖ်သည် ဝင်းဒိုး ၁၁ ကို ထုတ်ခဲ့ရာတွင် ဟာ့ဒ်ဝဲလိုအပ်ချက်သည် မြင့်မားနေသဖြင့် ကွန်ပျူတာအဟောင်းအများစုနှင့် ကိုက်ညီမှုမရှိခဲ့သော်လည်း ကွန်ပျူတာဝါသနာရှင်များကမူ ဟာ့ဒ်ဝဲလိုအပ်ချက်မကိုက်သော ကွန်ပျူတာများတွင်ပါ ဝင်းဒိုးဗားရှင်းသစ်ကို နည်းလမ်းအမျိုးမျိုးဖြင့်တင်၍ သုံးခဲ့ကြကာ အဆင်မပြေမှုများလည်း ရှိနေကြသည်။ ထို့ကြောင့် မိုက်ခရိုဆော့ဖ်အနေဖြင့် ယခုလို သတိပေးချက်ဖော်ပြရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**အနိမ့်ဆုံး ဟာ့ဒ်ဝဲလိုအပ်ချက်**

ကွန်ပျူတာများတွင် ဝင်းဒိုး ၁၁ တင်ရန်အတွက် အနိမ့်ဆုံး ဟာ့ဒ်ဝဲလိုအပ်ချက်အနေဖြင့် 1 gigahertz 64-bit processor ၊ Ram 4GB ၊ ဝင်းဒိုးစစ်စတမ်အတွက် အနိမ့်ဆုံး ဒေတာသိုလှောင်မှု 64 GB၊ UEFI System firmware၊ WDDM 2.0 driver နှင့် DirectX 12 ဂရပ်ဖစ်ကတ်တို့ကို လိုအပ်သည်ဟု မိုက်ခရိုဆော့ဖ်က ထုတ်ပြန်ထားသော်လည်း အမှန်တကယ်အသုံးပြုလျှင်မှု ဝင်းဒိုးစနစ်ကို လည်ပတ်ရန်အတွက်ပင် RAM 4 GB ခန့် လိုအပ်နေသဖြင့် အခြားပရိုဂရမ်တစ်ခုခုကို အသုံးပြုမည်ဆိုပါက အနိမ့်ဆုံး RAM 8 GB ရှိသော ကွန်ပျူတာများမှသာ အဆင်ပြေမည်ဖြစ်ကြောင်း လက်တွေ့အသုံးပြုနေသူများ၏ ပြောကြားချက်များအရ သိရသည်။

**ကိုစိုး**

**ကိုးကား – PCworld.com**

---

# တယ်လီနောမြန်မာ ပိုင်ဆိုင်မှုပြောင်းလဲ၊ လုပ်ငန်းများ အပြောင်းအလဲမရှိ ဆက်လက်လည်ပတ်မည်

**ရန်ကုန် မတ် ၂၉**

မတ် ၂၅ ရက်မှစ၍ တယ်လီနောမြန်မာ၏ ပိုင်ဆိုင်မှုအားလုံးကို ပိုင်ရှင်အသစ်ထံသို့ အပြီးသတ် လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ပြီး တယ်လီနောမြန်မာသည် နော်ဝေအခြေစိုက် တယ်လီနောလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်မရှိတော့ကြောင်း တယ်လီနောမြန်မာက မတ် ၂၅ ရက်က ထုတ်ပြန်ကြေညာသည်။

ဈေးကွက်တွင် ကုန်အမှတ်တံဆိပ်အသစ်မိတ်မဆက်ရသေးမီအချိန်အထိ တယ်လီနောကုန်အမှတ်တံဆိပ်သည် တယ်လီနောမြန်မာလီမိတက် လိုင်စင်အောက်တွင် လအနည်းငယ်အကြာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်းလည်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တယ်လီနောမြန်မာကုမ္ပဏီကို ရောင်းချမှုနှင့်ပတ်သက်သည့် ခွင့်ပြုချက်ကို မြန်မာနိုင်ငံအစိုးရက မတ် ၁၈ ရက်က ချမှတ်ခဲ့ပြီး ယခုအရောင်းအဝယ်သည် ကုမ္ပဏီ၏ရှယ်ယာ ၁၀၀ ရာခိုင်နှုန်းကို ပိုင်ရှင်အသစ်ထံသို့ လွှဲပြောင်းရောင်းချခြင်းဖြစ်ကြောင်း၊ အဆိုပါ ပိုင်ဆိုင်မှုအပြောင်းအလဲတွင် တယ်လီနောမြန်မာကို အသုံးပြုနေသူများ၊ ဝန်ထမ်းများနှင့် မိတ်ဖက်များအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှုမရှိကြောင်း၊ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းများနှင့် စာချုပ်စာတမ်းများကိုမူလက သဘောတူထားသည့်အတိုင်း ဆက်လက်၍ လုပ်ဆောင်သွားမည်ဖြစ်သဖြင့် ယေဘုယျအားဖြင့် ပြင်ဆင်မှုများ၊ ထပ်မံဖြည့်စွက်မှုများ ပြုလုပ်ရန်မလိုအပ်ကြောင်းကိုလည်း မတ် ၁၈ ရက်က ထုတ်ပြန်သည့် တယ်လီနောမြန်မာကို ရောင်းချခြင်းဆိုင်ရာ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်ကို တွေ့ရသည်။

**ကိုစိုး**

---

# အူရီဒူးမြန်မာက Supernet ဖိုင်ဘာအင်တာနက်ကွန်ရက်ကို ထပ်မံတိုးချဲ့

**ရန်ကုန် မတ် ၂၉**

အူရီဒူးမြန်မာအနေဖြင့် ၎င်း၏ ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုဖြစ်သည့် Supernet ဖိုင်ဘာကို မြန်မာနိုင်ငံတစ်ဝန်းတွင် ရရှိအသုံးပြုနိုင်ရန် ဝန်ဆောင်မှုများ တိုးချဲ့လျက်ရှိရာ ယခုတစ်ပတ်အတွင်း ရန်ကုန်နှင့် မန္တလေးရှိ မြို့များအပြင် မြို့နယ်အသစ် ၂၇ မြို့သို့ ထပ်မံတိုးချဲ့၍ ဝန်ဆောင်မှုပေးအပ်လိုက်ခြင်းကြောင့် ယခုအခါ မြို့နယ်ပေါင်း ၆၅ ခုတွင် Supernet ဖိုင်ဘာအင်တာနက်ကို ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထပ်မံတိုးချဲ့လိုက်သော မြို့နယ် ၂၇ ခုမှာ ဇန်းမော်၊ ဟသံ္ာတ၊ သီပေါ၊ ကလော၊ ကျိုက်ထို၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ လားရှိုး၊ မိတ္ထီလာ၊ မိုးကုတ်၊ မိုးညှင်း၊ မုဒုံ၊ မြင်းခြံ၊ မြစ်ကြီးနား၊ ပျဉ်းမနား၊



ညောင်ဦး၊ ညောင်ရွှေ၊ ပုသိမ်၊ ပြည်၊ ပြင်ဦးလွင်၊ ရွှေဘို၊ တာချီလိတ်၊ တနံ့ယန်း၊ တောင်ငူ၊ တောင်ကြီး၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်တို့ ဖြစ်သည်။

Supernet ဖိုင်ဘာသည် မြန်နှုန်းမြင့်ချိတ်ဆက်မှုကို ပေးအပ်နိုင်ရန် ခေတ်မီ ဖိုင်ဘာကွန်ရက်ကို အသုံးပြုထားပြီး အမြန်နှုန်းအပေါ်မူတည်၍ ဈေးနှုန်းအစီအစဉ် အမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အများပြည်သူ၏ ဒစ်ဂျစ်တယ်လူနေမှုဘဝများကို ပိုမိုကောင်းမွန်လာအောင် ဖြည့်ဆည်းပေးနိုင်ရန် ဖိုင်ဘာကွန်ရက်မှာ ပိုမိုအသုံးဝင်လာသည့်အတွက် အကျယ်ပြန့်ဆုံး ကွန်ရက်လွှမ်းခြုံမှုပေးနိုင်ရန် အူရီဒူးမြန်မာအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အူရီဒူးမြန်မာသည် Supernet ဖိုင်ဘာ အသုံးပြုသူများ လျှော့ဈေးနှင့် ခံစားခွင့်များ ပိုမိုရရှိနိုင်မည့် ပရိုမိုးရှင်းအစီအစဉ်သစ်များကိုလည်း မကြာသေးမီက စတင်မိတ်ဆက်ခဲ့ရာ သုံးစွဲသူအသစ်များသည် အထူးလျှော့ဈေးများနှင့် အမြန်နှုန်းအစီအစဉ်များကို ရရှိနိုင်မည့်အပြင် ယခင်ကအသုံးပြုနေပြီး သက်တမ်းထပ်တိုးမည့်သူများသည်လည်း သက်တမ်းတိုးကာလအပေါ်မူတည်၍ အထူးလျှော့ဈေးများကို ရာခိုင်နှုန်းအလိုက် ရရှိနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ Supernet ဖိုင်ဘာဝန်ဆောင်မှုနှင့်ပတ်သက်၍ ဝန်ဆောင်မှုရရှိနိုင်သော မြို့နယ်များ၊ အစီအစဉ်များ၊ ပရိုမိုးရှင်းများနှင့် သုံးစွဲသူများအား ပံ့ပိုးမှု စသည့် အသေးစိတ်အကြောင်းအရာများကို https://ooredoo.com.mm ဝက်ဘ်ဆိုက်ထဲမှ supernetfibre တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုစိုး**

---

**New Product**

# တန်ဖိုးနည်းဖုန်းတွေထဲမှာ ရွေးစရာတစ်ခုဖြစ်လာတဲ့ Redmi 10C စမတ်ဖုန်းသစ်

Redmi 10C ကို မတ် ၂၁ ရက်က ကမ္ဘာ့ဈေးကွက်မှာ စတင်ပြသပြီး မတ် ၂၃ ရက်မှာ စတင်ရောင်းချသလို မြန်မာနိုင်ငံဈေးကွက်ထဲကိုလည်း တစ်ပြိုင်တည်း တရားဝင် ဝင်ရောက်လာတဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ SM6225 Snapdragon Chipset ကို ထည့်သုံးထားတဲ့အပြင် အခြားစွမ်းဆောင်ရည်ပိုင်းတွေလည်း ကောင်းမွန်တာကြောင့် တန်ဖိုးနည်းဖုန်းဈေးကွက်ထဲမှာ အတန်ဆုံး ဖုန်းမော်ဒယ်သစ်အဖြစ် ရပ်တည်နေတဲ့ Redmi 10C ဖုန်းရဲ့ အဓိကကျတဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။



| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၇၁ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD |
| Resolution | 720 x 1650 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, MIUI 13 |
| Chipset | SM6225 Snapdragon 680 4G(6 nm) |
| CPU | Octa–core (2.4 GHz & 1.9 GHz Kryo) |
| RAM နဲ့ Memory | 4/64, 4/128 (မင်မိုရီကတ်စိုက်နိုင်) |
| ပင်မကင်မရာ | 50 MP(wide)+ 2 MP(depth) |
| ဆယ်လ်ဖီကင်မရာ | 5 MP |
| USB | Type–C 2.0, On–The–Go |
| ဘက်ထရီ | Li–Po 5000 mAh |
| အားသွင်းစနစ် | 18W အမြန်အားသွင်းစနစ် |

၅ မဂ္ဂါပစ်ဇယ် ကင်မရာကြောင့် ဆယ်လ်ဖီကင်မရာပိုင်း နိမ့်တာကလွဲရင် Chipset၊ CPU၊ RAM၊ ကင်မရာ၊ ဘက်ထရီနဲ့ ရုပ်ထွက်အရည်အသွေးပိုင်းတွေမှာ ဈေးနှုန်းနဲ့ထိုက်တန်တာကြောင့် Redmi 10C ကို ပြည်တွင်းရော နိုင်ငံတကာဈေးကွက်မှာပါ တန်ဖိုးနည်းဖုန်းသစ်တစ်ခုအနေနဲ့ လူကြိုက်များနေပြီး ဈေးနှုန်းက RAM 4/64GB အတွက် ကျပ် ၂၆၉၀၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၆၅ ဆူ | ၅၉၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအလှူရှင်စာရင်း

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၁၈၀။ | ဒေါက်တာညွန့်ဖေ (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်နန်းချစ်ဆွေမိသားစု (ကျောက်စာရုံစေတီ ၁ ဆူလှူဒါန်း) | နေပြည်တော် | ၂၇၉၀၀၀၀၀ |
